ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၆ ရက်၊ တနင်္လာနေ့ (9-6-2008) (၅၇၀၄)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် ကဒုံကနီကယ်ဆယ်ရေးစခန်း၌ ကျွန်းသာယာကျေးရွာမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများ မိမိတို့၏မူလကျေးရွာများသို့ ၎င်းတို့ဆန္ဒအရ ပြန်လည်နေထိုင်လိုသူများကို ယာယီတဲများဆောက်လုပ်ပေးပြီးမှသာ ကယ်ဆယ်ရေးစခန်းမှ ယင်းဒေသသို့ရောက်အောင်ပို့ဆောင်ပေး ရိက္ခာတစ်ပတ်စာအပြင် ရေရှည်စားသုံးနိုင်ရန် နီးစပ်ရာ ကယ်ဆယ်ရေးစခန်းများ၌ ထုတ်ယူနိုင်ရေးစီစဉ်ပေး

နေပြည်တော် ဇွန် ၈

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ဘိုကလေးမြို့သို့ ရောက်ရှိသည်။

ထို့နောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ထူးထရေးဒင်းကုမ္ပဏီက လှူဒါန်းထားသည့် လက်တွန်းလယ်ထွန်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ
The Mirror

မြေအုတ်တို့ ပြိုလဲရာ၌ ကျောက်အုတ်တို့ဖြင့် အစားထိုး တည်ဆောက်နိုင်ရမည်(၁)

ကျော်ရဲမင်း၏ (ဆောင်းပါး)

စာမျက်နှာ-၇၊ ၉၊ ၁၀

တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးကို ဒွန်တွဲဆောင်ရွက်

"လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာ၌ သာမန်အစားထိုး တည်ဆောက်မှုမျိုး မဟုတ်ဘဲ မူလအခြေအနေထက် သာလွန်တိုးတက် မြင့်မားရမည်ဟု ရည်မှန်းပြီး တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးကို ဒွန်တွဲဆောင်ရွက်သွားရန်လို၊ နိုင်ငံတွင် တစ်နေရာ၌ လိုအပ်ပါက အခြားနေရာမှ ဖြည့်ဆည်းပေးနိုင်ရန် မူလကပင် စီမံဆောင်ရွက်ထားပြီးဖြစ်"

ကြေးမုံ The Mirror
၉–၆–၂၀၀၈
(တနင်္လာနေ့)

စက်မှုဇုန်များ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ် ပြည်သူများ၏ လိုအပ်ချက်နှင့်အညီဖြန့်ဖြူး

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး အလေးထားပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ ကုန်ထုတ်လုပ်မှု မြင့်မားလာစေရန် အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့က လူသုံးအိမ်သုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိသကဲ့သို့ နည်းပညာနှင့်ထုတ်လုပ်မှုအဆင့် မြင့်မားသည့် စက်ပစ္စည်းများ ထုတ်လုပ်နိုင်သော စက်မှုနယ်မြေများကို ထူထောင်လုပ်ကိုင်လျက်ရှိသည်။

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက်လည်း စက်မှုဇုန်များ ထူထောင်ပေးလျက်ရှိသည့်အပြင် ခေတ်မီသံရည်ကျိုပုံလောင်းပုံဖိစက်ရုံများကို နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် အားပေးကူညီလျက်ရှိရာ သံထည်ပစ္စည်း ကိုင်တွယ်သည့် စက်မှုလုပ်ငန်းများ ထုတ်လုပ်မှု အလားအလာကောင်းများ ဖြစ်ထွန်းနေသည်။

ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ မုံရွာစသည့် ဒေသအသီးသီးရှိ စက်မှုဇုန်များအနေဖြင့် ယာဉ်အမျိုးမျိုး၊ ဓာတ်မြေဩဇာ၊ စားသောက်ကုန်အမျိုးမျိုးနှင့် လူသုံးအိမ်သုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ပေးနိုင်လျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ၌ စက်ရုံ၊ အလုပ်ရုံ ၂၈၀၀ ကျော် လည်ပတ်လျက်ရှိရာ မေလဆန်းပိုင်းက တိုက်ခတ်သွားသော ဆိုင်ကလုန်းမုန်တိုင်းကြောင့် စက်ရုံအလုပ်ရုံ ၅၀၀ ကျော် ထိခိုက်ပျက်စီးခဲ့သည်။ ယခုအခါ လျှပ်စစ်ဓာတ်အားအပါအဝင် လိုအပ်သည့် ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ စက်ရုံ၊ အလုပ်ရုံ ၂၇၀၀ ကျော် ပြန်လည်လည်ပတ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်တွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များနှင့် ခေတ်မီစက်ရုံအလုပ်ရုံသစ်များစွာကို ထူထောင်လုပ်ကိုင်လျက်ရှိရာ စက်ရုံအလုပ်ရုံအသီးသီးနှင့် စက်မှုဇုန်များအနေဖြင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ဈေးကွက်နှင့် ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ အရည်အသွေးမီ ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များ ဓာတ်အားလိုင်းသွယ်တန်းချိတ်ဆက်ခြင်းနှင့် ပြန်လည်ဆယ်တင် သိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၆ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကံဘဲ့ကျေးရွာလမ်းဆုံမှ ကော့မှူးမြို့နယ်သို့ သွယ်တန်းသည့် 33KV ဓာတ်အားလိုင်းတိုင် ၃၀၈ တိုင် ကျိုးကျပျက်စီးမှုအနက် ဘုရားကြီးကျေးရွာ အနီးရှိ 33KV ဓာတ်အားလိုင်းတိုင် အပျက်အစီးများအား ကရိန်းယာဉ်အသုံးပြု၍ ယာဉ်ပေါ်သို့ တင်ဆောင်နေမှုနှင့် ကော့မှူးမြို့နယ်အတွင်း 33KV ဓာတ်အားလိုင်းနှစ်တိုင် စင်လဲကျပျက်စီးမှုကို ဆယ်တင်ထိန်းသိမ်းနေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်းအဟောင်းများ သိမ်းဆည်းခြင်းလုပ်ငန်းပြီးစီးစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးအတွက် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကော့မှူးနှင့် ကွမ်းခြံကုန်း ကားလမ်းတစ်လျှောက် 33KV ဓာတ်အားလိုင်းတိုင်များ ပြန်လည်ဆယ်တင်သိမ်းဆည်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၂၊ လျှပ်စစ်)

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် ကားလမ်းတစ်လျှောက် ကျိုးကျပျက်စီးလျက်ရှိသော 33KV ဓာတ်အားလိုင်းတိုင်များအား လျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် ပြန်လည်ဆယ်တင်သိမ်းဆည်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်မှ ဒေးဒရဲမြို့နယ်သို့ ချိတ်ဆက်သွယ်တန်းသည့် 33KV မြစ်ကျော်တာဝါတိုင်များ အခြေအနေနှင့် အစားထိုးတည်ဆောက်ရန် ဓာတ်အားလိုင်းတိုင်အသစ်များ ရောက်ရှိနေရာချထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး 33/11KV(2.5 MVA) ထရန်စဖော်မာနှင့် မြို့တွင်းသို့ ဖြန့်ဖြူးပို့လွှတ်သည့် 300KVAထရန်စဖော်မာ အခြေအနေ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်နေမှုအခြေအနေ၊ ပြန်လည်ဆယ်တင် သိမ်းဆည်းထားရှိသော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများ အခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ် ကားလမ်းမတစ်လျှောက် လဲကျပျက်စီးနေသော 33KV ဓာတ်အားလိုင်း ပြန်လည်ဆယ်တင် သိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြို့တွင်းသို့ ဓာတ်အားလိုင်း ချိတ်ဆက်သွယ်တန်းနေမှုအခြေအနေများအားကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

LMS ရေသန့်စက်များဖြင့် သောက်သုံးရေများဖြန့်ဝေ

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC)တို့ ပူးပေါင်း၍ ပြင်သစ်နိုင်ငံကြက်ခြေနီအဖွဲ့က လှူဒါန်းသော LMS ရေသန့်စက်များဖြင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည်။

LMSရေသန့်စက် အမှတ်(၁)သည် တစ်နာရီလျှင် ရေလီတာ ၁၀၀၀၀ နှုန်းဖြင့် တစ်နေ့ ၁၀ နာရီ လည်ပတ်နိုင်ပြီး ဒေးဒရဲမြို့နယ် ဆူးကလပ်ကျွန်းနှင့် ကျုံဒါးကျွန်းရှိ ကျေးရွာ ၂၃ အုပ်စုမှ ကျေးရွာပေါင်း ၈၀ကို ၁၀လီတာဆံ့ ရေသန့်အိတ်များဖြင့် ပေးပို့လျက်ရှိသည်။ LMSရေသန့်စက် အမှတ်(၂)သည် တစ်နာရီလျှင် ရေလီတာ ၄၀၀၀၀နှုန်းဖြင့် တစ်နေ့ ၁၀နာရီလည်ပတ်နိုင်ပြီး ဒေးဒရဲ-ဖျာပုံ-ကျိုက်လတ်မြို့လမ်းဘေးဝဲယာတစ်လျှောက်ရှိ ကျေးရွာများအတွက် သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိကြောင်းသိရသည်။(သတင်းစဉ်)

၂၀၀၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်နှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ အထက(၅) နေပြည်တော် ကျောင်းဝင်းအတွင်း သစ်ပင်များ စုပေါင်းစိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

၂၀၀၇ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇွန် ၈

၂၀၀၈ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်သော သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၆ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ အဖွဲ့ ခေါင်းဆောင် ဒေါ်နီလာသော်နှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ဝန်ထမ်းများ၊ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကျော်လှိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကျော်လှိုင်က လက်ခံရယူသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ အတွင်းရေးမှူး ဒေါ်ထွေးညိုညို၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကျော်လှိုင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ခရေပင်များ စိုက်ပျိုးပေးကြပြီး ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများက ခရေ၊ စိန်ပန်း၊ ပိတောက်၊ မယ်ဇယ်စသည့် အရိပ်ရ သစ်ပင် ၁၁၅ပင်ကို ကျောင်းဝင်းအတွင်း တပျော်တပါး စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✧ **ရှေ့ဖုံးမှ**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့နှင့်အတူ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီး ကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျေးရွာ၏ လိုအပ်ချက်များကို လာရောက် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကချင်ပြည်နယ်မှ ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျေးရွာမှ ပညာသင်ယူကြမည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်း အမြန်ဆုံးဖွင့်လှစ်ပြီး ယာယီစာသင်ဆောင်များ၌ ပညာသင်ကြား နိုင်ရေးနှင့် လိုအပ်သည့် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားပြီး ကလေးများ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ဖြင့် စာသင်ကြားနိုင်ရေး၊ ကလေးများ၏ စိတ်ဓာတ်ရေးရာများ မြင့်မားတိုးတက်နေအောင် စေတနာထားစောင့်ရှောက် ကူညီပေးသွားရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကျေးရွာ၌ ယာယီတဲများ ပြန်လည်တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံ၍ ယာယီနေထိုင်ရေးနှင့် အမြဲတမ်းနေထိုင်ရေးတို့အတွက် စီစဉ်ပေးမည့် အခြေအနေများ၊ မိမိတို့ ကျွမ်းကျင်သည့်အလုပ်များ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးသွားမည့် အစီစဉ်များကို ရှင်းလင်းပြောကြားအားပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မပျက်မစီးကျန်ခဲ့သည့် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းကို ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကျေးရွာဆက်သွယ်ရေးအတွက် CDMA စနစ် 450 တယ်လီဖုန်းတစ်လုံးကို လည်းကောင်း၊ ကျေးရွာ၌ အသုံးပြုရန် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက လှူဒါန်းသည့် အသံချဲ့စက်တစ်စုံကိုလည်းကောင်း ကျေးရွာမှ တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကချင်ပြည်နယ်မှ ကြက်ခြေနီ တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများကို ကြက်ခြေနီတပ်ဖွဲ့ ခေါင်းဆောင်သို့ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရောက်ရှိနေသည့် လက်တွန်း လယ်ထွန်စက်များကို ကြည့်ရှုကြပြီး ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စက်စွမ်းအားပြည့် ထွန်ယက်ရန်နှင့် လိုအပ်သည်များ စီမံပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာသို့ရောက်ရှိကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ကချင်ပြည်နယ်မှ ရောက်ရှိနေသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကဒုံကနိ ကယ်ဆယ်ရေးစခန်း၌ ယာယီတဲထိုးခြင်း၊ ရေသန့်စက်တပ်ဆင်ခြင်း စသည့် ကယ်ဆယ်ရေးစခန်း၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကျေးရွာမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကဒုံကနိ ကယ်ဆယ်ရေးစခန်း၌ ကျွန်းသာယာကျေးရွာမှ လေဘေးသင့် ပြည်သူများရောက်ရှိမှု၊ ယာယီနေရာချထားမှုများကို ကြည့်ရှုစစ်ဆေးမေးမြန်းပြီး ကျွန်းသာယာကျေးရွာမှ လေဘေးသင့်ပြည်သူများ၏ဆန္ဒအရ ၎င်းတို့ မူလနေထိုင်ခဲ့သည့် ကျေးရွာတွင် ပြန်လည်နေထိုင်လိုခြင်းမရှိကြ၍ ကဒုံကနိကျေးရွာ၌ပင် နေရာချထားပေးမည်ဖြစ်ရာ လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွန်းသာယာကျေးရွာမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်မေးမြန်း အားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကဒုံကနိ ကျေးရွာ ဆက်သွယ်ရေးအတွက် CDMA စနစ် 450 တယ်လီဖုန်းတစ်လုံးကို ကျေးရွာမှ တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနကလည်း ကဒုံကနိ ကျေးရွာတွင် အသုံးပြုရန် အသံချဲ့စက်တစ်စုံကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေတာဝန်ခံ ဒုတိယ ဗိုလ်မှူးကြီးခင်ဇော်က စက်ဆန်းကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ဆန်းကျေးရွာကယ်ဆယ်ရေးစခန်းတွင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ယာယီနေရာ စီစဉ်ချထားပေးမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က သိလိုသည်များ ထပ်မံမေးမြန်းပြီး စက်ဆန်းကျေးရွာပတ်ဝန်းကျင်မှ ရောက်ရှိလာသော လေဘေးသင့်ပြည်သူများမှ မိမိတို့၏ မူလကျေးရွာများသို့ ၎င်းတို့၏ဆန္ဒအရ ပြန်လည်နေထိုင်လိုသူများကို ယာယီတဲများဆောက်လုပ်ပေးပြီးမှသာ ကယ်ဆယ်ရေးစခန်းမှ ယင်းဒေသသို့ ရောက်အောင်ပို့ဆောင်ပေးရန်၊ လိုအပ်သော ရိက္ခာကို တစ်ပတ်စာအပြင် ရေရှည်စားသုံးနိုင်ရန် နီးစပ်ရာကယ်ဆယ်ရေးစခန်းများမှ ထုတ်ယူနိုင်ရေး မှာကြားစီစဉ်ပေးရန်၊ ကယ်ဆယ်ရေးစခန်းရှိရာဒေသ၌ ဆက်လက်နေလိုသူများကိုလည်း နေနိုင်အောင် စီစဉ်နေရာချထားပေးရန်၊ လေဘေးသင့်ပြည်သူများ မူလ ၎င်းတို့၏အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအလိုက် ပြန်လည်လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်၍ ဆောင်ရွက်ပေးရမည့်လုပ်ငန်း အမျိုးအစားအလိုက် ဖြည့်ဆည်းမှု အမြန်ရရှိရေးတင်ပြဆောင်ရွက်ပေးရန်၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် တစ်ပြိုင်တည်း ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်ရေး သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာနှင့် စက်ဆန်း ကယ်ဆယ်ရေးစခန်းအခြေအနေတို့ကို ကြည့်ရှုကြသည်။

စက်ဆန်း ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိစဉ် ကျေးရွာ၌ အသုံးပြုရန် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက အသံချဲ့စက်ခြောက်စုံကို ပေးအပ်လှူဒါန်းခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✡

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဇွန် ၇ ရက်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြောင်းမြမြို့၌ လပွတ္တာမြို့နယ် ပြင်စလူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ပံ့ပိုးပစ္စည်းရရှိမှုကို ကြည့်ရှုစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ အပိုင်း(၃၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဆန့်ကျင်ဘက် နှလုံးသား (အပိုင်း-၁၆)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

✡ စာမျက်နှာ ၃ မှ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် စက်ဆန်း ကယ်ဆယ်ရေးစခန်းမှ ဘိုကလေးမြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံး၌ ဘိုကလေးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ထူးထရေးဒင်းကုမ္ပဏီက လှူဒါန်းထားသည့် လက်တွန်းလယ်ထွန်စက်များကို ကြည့်ရှုကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ဘိုကလေးမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေများကို မြေပုံဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် ဘိုကလေးမြို့မှ ဖျာပုံမြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လမ်းတစ်လျှောက်ရှိ ကားလမ်းအခြေအနေကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဇွန်၇ရက်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံတွင် မိဘမဲ့ကလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ဇွန်၇ရက်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းရှိ ယာယီစာသင်ဆောင်တွင် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများအား ဆန်၊လယ်ယာသုံးကိရိယာများနှင့် ထောက်ပံ့ရေးပစ္စည်းများဖြန့်ဖြူး

ရန်ကုန်   ဇွန်   ၈

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဆန်အိတ် ၂၀၀၀၊ ကျေးလက်သုံးကိရိယာများ၊ လယ်ယာသုံးကိရိယာများ၊ အဝတ်အထည်များ၊ စားသောက်ကုန်များ၊ သွပ်၊သံနှင့် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ရေး ပစ္စည်းများကို"ရွှေငွေးမြင့်"သင်္ဘောဖြင့် တင်ဆောင်ကာ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့မှ ထွက်ခွာ၍ နတ်မူး၊ ကြက်ဟုန်း၊ ကျွန်းချောင်း၊ မဘော၊ ကျွဲခြံ၊ကျုံနမို၊ ရှောက်ချောင်းနှင့် ဘိုးထီလွတ်ကျေးရွာများသို့ သွားရောက်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းရှိ ယာယီ စာသင်ဆောင်တွင် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေကြစဉ်။ (သတင်းစဉ်)



မော်လမြိုင်ကျွန်းမြို့နယ် ကျားချောင်းကျေးရွာ၌ ရေသန့်စက်ဖြင့် ရေသန့်များ ဖြန့်ဝေပေးလျက်ရှိ

ရန်ကုန်   ဇွန်   ၈

လေဘေး၊ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကကုမ္ပဏီများက ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ N.E.Ps ကုမ္ပဏီနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ပူးပေါင်း၍ မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်း၏ အနီးကပ်ဝိုင်းဝန်းကူညီပေးမှုဖြင့် တစ်နာရီလျှင် ရေသန့်လီတာ ၅၀၀၀ ထွက်ရှိသည့် ရေသန့်စက်တစ်လုံးကို မော်လမြိုင်ကျွန်းမြို့နယ် ကျားချောင်းကျေးရွာအုပ်စု ကျားချောင်းကျေးရွာ၌ ယနေ့တွင် တပ်ဆင်ပေးထားပြီး ကျားချောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများအတွက် သောက်ရေသန့်များ အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၈

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှလှူဒါန်းသော ရွက်ဖျင်တဲများ၊ ပလတ်စတစ်ကြိုးများ၊ ဆပ်ပြာများ၊ ပီနံအိတ်များ၊ သွားတိုက်ဆေးများ၊ သွားပွတ်တံများ၊ ရေဘူးခွံများ၊ ကြိုးခွေများ၊ အဝတ်အထည်မျိုးစုံ၊ ရေတိုင်ကီများ၊ မိုးကာအင်္ကျီများ စုစုပေါင်း ၂၈ ဒသမ ၃၂၃တန်သည် C-130 လေယာဉ်ငါးစင်းဖြင့် ယနေ့နံနက် ၈နာရီ ၅၉ မိနစ်၊ နံနက် ၁၀နာရီ ၅၁မိနစ်၊ နံနက် ၁၁နာရီ ၅၅ မိနစ်၊ မွန်းတည့် ၁၂နာရီနှင့် ညနေ ၄နာရီ ၅မိနစ်တို့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံရှိ ဗန်ကောက်လေကြောင်းလိုင်းမှ လှူဒါန်းသော တာပေါ်လင်စ ၄၄ထုပ်(၂ ဒသမ ၄၇) တန်သည် PG-701 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ ၁မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့က စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရောက်ရှိနေသည့် လက်တွန်းထွန်စက်များကို တွေ့ရစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဆေးရုံသင်္ဘောဖြင့် လှည့်လည်ဆေးကုသပေး

ရန်ကုန် ဇွန် ၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ခံရသော ကျေးရွာ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံသင်္ဘောများစေလွှတ်ပြီး ဆေးကုသမှုနှင့် ကာကွယ်မှုများ ပြုလုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒေါက်တာမိုးဟိဏ်း ဦးဆောင်သော အထူးရောဂါကု၊ အထွေထွေရောဂါကု၊ ကလေးရောဂါကု၊ အရိုးရောဂါကု၊ သွားရောဂါကုနှင့် စိတ်ရောဂါကုဆရာဝန်များပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် နတ်မူး၊ မြတ်သာ၊ ကျားဟုန်၊ ဘိုးထီလွတ်၊ ငါးတန်တရာ၊ ဆင်မဝဲချောင်း၊ ငွေဇင်ယော်နှင့် ကြက်လျှာကျေးရွာများသို့ လှည့်လည်ကုသရန် "ပပဝင်း" သင်္ဘောဖြင့် ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့သည် ယခင်နေ့များကလှည့်လည် ဆေးကုသပေးခဲ့ရာတွင် တစ်နေ့လျှင် လူနာ ၂၀၀ခန့် ဆေးဝါးကုသမှုပေးခဲ့ပြီး ဝေဒနာရှင် အများစုမှာ ချောင်းဆိုး၊ အအေးမိနှင့် ကြွက်သားကိုက်ခဲသည့် ဝေဒနာများဖြစ်ကာ ဝမ်းလျှော၊ ဝမ်းပျက်နှင့် ကူးစက်ရောဂါများဖြစ်ပွားမှု မရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၈

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၀၂၅၀၀၀တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဌာနဆိုင်ရာများ၊ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေကျပ် ၅၈၂၈၈၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၉၉၃၄၉၂၀၀တန်ဖိုးရှိ ဆေးပစ္စည်းအမျိုးမျိုးနှင့် အဝတ်အထည်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၃၉၁၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာငွေကျပ် ၁၀၀၅၂၅၅၈၀ ဖြစ်ပြီး ဇွန် ၈ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၁၅၃၉၅၉၀၈၄၀ ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လေဘေးသင့် သွားနှင့်ခံတွင်း ဆရာဝန်များအား မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)က ထောက်ပံ့မည်

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)မှ လေမုန်တိုင်းဒဏ်သင့် အသင်းဝင် သွားနှင့်ခံတွင်းဆရာဝန်များအား ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအား မကြာမီသွားရောက်၍ ကူညီထောက်ပံ့ပေးဦးမည်ဖြစ်သဖြင့် လေဘေးသင့် သွားနှင့်ခံတွင်းဆရာဝန်များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ငွေကြေးလှူဒါန်းလိုသူများသည် အထောက်အထားပြည့်စုံစွာဖြင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ဒေါက်တာဌေးမြင့်ဦး ဖုန်း-၀၉-၅၀၀၆၈၉၃၊ ၅၇၁၇၆၉၊ လိုင်းခွဲ ၂၀၈ (Email: mdaoffice@mda.com.mm) ထံသို့လည်းကောင်း၊ လူမှုရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဦး ဖုန်း-၆၈၇၄၅၀၊ ၃၇၉၅၃၂၊ ၇၀၉၁၂၀ ထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းအကြောင်းကြားနိုင်ကြောင်း သတင်းရရှိသည်။ (ကျန်းမာရေး)

လပွတ္တာ မြို့နယ် စလူဆိပ်ကျေးရွာ၌ရေငန်ဝင်ရောက် ခဲ့သည့် သောက်ရေ ကန်များ ပြန်လည် ပြုပြင် ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**"မြက်ကြားထဲမှရတနာရ"တရားတော်** (ဝါးခယ်မဆရာတော် ဘဒ္ဒန္တပညာဝံသ)
၇း၅၀ - ၁း၅၀	Aikido လေ့ကျင့်မှုဆိုင်ရာအခြေခံနည်းစနစ်များ
၈း၂၀ - ၂း၂၀	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (စိမ်းချိုသရက်သီး)
၈း၃၀ - ၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅ - ၂း၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ပါမောက္ခဒေါက်တာစောဝင်းနှင့်တွေ့ဆုံခြင်း)
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	Activities In The City
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅ - ၃း၄၅	Language Lab (အထက-၁ ဒဂုံ)
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာလယ်တွင်းသားစောချစ်နှင့်တွေ့ဆုံခြင်း)
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	"တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (ဗဟိုဖောက်စက်)
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	အေးမြမှုရဲ့အနာဂတ်သစ်ခေတ်မီ Service စနစ်
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	The Race Of Dragon Boats
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	အင်္ကျီလှလှချုပ်ရအောင် (ရှေ့ကွဲ၊ ရင်စေ့အင်္ကျီချုပ်လုပ်နည်း)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လေဘေးသင့် သာသနိကအဆောက်အအုံများပြုပြင်ရန် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၈

လေဘေးသင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်နှင့် လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများနှင့် ဆောက်လုပ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(ရန်ကုန်ရုံးခွဲ)၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံသည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ လေဘေးသင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်နှင့် လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ၊ ဆောက်လုပ်ရေး ပစ္စည်းများကို အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းစဉ်။

(သာသနာရေး)

အဆိုပါ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုမှာ ရန်ကုန်မြို့ သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကနိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတသာရက ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် သံဃာတော်များအတွက် ငွေကျပ် ၇၅၃၅၀၀ တန်ဖိုးရှိ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ Asia Express မန်နေဂျင်းဒါရိုက်တာ သုခမ္မမဏိဇောတရေ ဒေါက်တာမောင်မောင်ဦးက သင်္ကန်းအစုံ ၅၀၊ ရှင်သင်္ကန်း ၂၅ စုံ၊ သီလရှင်ဝတ်စုံ ၂၅ စုံ၊ သွပ်အချပ် ၅၀၀၊ အိမ်ရိုက်သံပိဿာ ၅၀၀၊ မော်လမြိုင်ကျွန်းမြို့နေ သီရိသုဓမ္မမဏိဇောတရေ ဦးမောင်လှနှင့် ဇနီး သုဓမ္မသိင်္ဂီ ဒေါ်ရွှေစိန်မိသားစုက သင်္ကန်းအစုံ ၁၀၀၊ ရှင်သင်္ကန်းအစုံ ၁၅၀၊ သီလရှင်ဝတ်စုံ ၅၀ နှင့် ဆွမ်းဆန်အိတ် ၂၀၀၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှတစ်ဆင့် ထိုင်းနိုင်ငံရှိ Buddha Chen Shih Shung Thaiwan Foundation of Thailand, Bangkok Steel Industry Public Company Limited, University of Thai Chamber of Commerce & Punjamitr Steel Co., Ltd. တို့က ပေးပို့လှူဒါန်းသော ငွေကျပ် ၉၉သိန်း တန်ဖိုးရှိ အုတ်ကြွပ်မိုး အချပ် ၂၀၀၀၊ ခေါင်အုပ် (အပေါ်+အောက်)အစုံ ၁၅၀နှင့် အိမ်ရိုက်သံ ၁၀ ပိဿာထုပ် ၅၀၊ ဗိုလ်တထောင်မြို့နယ် နန်းသဇင်ပုံနှိပ်တိုက်မှ ဦးမောင်မောင်စိုးက သင်္ကန်းဒွိစုံ ၅၀၊ ရှင်သင်္ကန်း ၂၅ စုံ၊ သီလရှင်ဝတ်စုံ ၂၅ စုံ၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် "ရွှေ" အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ သီရိသုဓမ္မမဏိဇောတရေ သီဟသုဓမ္မမဏိဇောတရေ ဦးဘခန့်နှင့် ဇနီး ဒေါ်ခင်ရွှေ မိသားစုက သင်္ကန်းအစုံ ၁၀၀၊ ရှင်သင်္ကန်း ၂၅ စုံနှင့် သီလရှင်ဝတ်စုံ ၂၅ စုံတို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနန္တမေတ္တာကုန်စည်ပို့ဆောင်ရေးမှ ဦးဆောင်၍ ဒေးဒရဲမြို့နယ် လေဘေးသင့်သူများအား လှူဒါန်း

ရန်ကုန် ဇွန် ၈

မန္တလေးမြို့ ပုတီးတန်းရပ်နေ ဦးချိုတူး(အနန္တမေတ္တာကုန်စည်ပို့ဆောင်ရေး)မှ ဦးဆောင်၍ အလှူရှင်အဖွဲ့များနှင့်အတူ ဇွန် ၁ ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် သင်ပေါင်းချောင်ကျေးရွာ လူဦးရေ ၁၉၁၃ ဦးတို့အား ဒေးဒရဲမြို့မှ သွားရောက်ကာ အလှူရှင်များကိုယ်စား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ အာလူး၊ ငါးခြောက်၊ ရေသန့်ဘူး၊ သင်္ကန်းအစုစုနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများအပါအဝင် ရေး ဆေးပညာဌာနမှ ပါမောက္ခ ဒေါ်စန်းစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က လိုက်လံ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ တန်ဖိုး ငွေကျပ် ၁၈သိန်းခန့်တို့ကို လှူဒါန်းပြီး ရွာဦးကျောင်း ဆရာတော်ထံတွင် ငါးပါးသီလ ခံယူပြီး မုန်တိုင်းဒဏ်ကြောင့် ကွယ်လွန်သွားသူများအား အမျှအတန်း ပေးဝေခဲ့သည်။ **(အပေါ်ပုံ)** ဒုတိယအကြိမ် ဦးချိုတူး(အနန္တမေတ္တာကုန်စည်ပို့ဆောင်ရေး)မှ ဦးဆောင်၍ အခြားဒေသရှိ လေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

(က-ပ)

ဆေးတက္ကသိုလ်-၂(ရန်ကုန်)ကျောင်းသား၊ကျောင်းသူများ ပဲခူး၊မကွေးနှင့် မန္တလေးတိုင်းအတွင်း ကွင်းဆင်းလေ့လာ

ရန်ကုန် ဇွန် ၈

ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဘာသာရပ်၏ သင်ရိုးညွှန်းတမ်းအရ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းအတွင်းရှိ ၃၃ မြို့နယ်သို့ အဖွဲ့များခွဲ၍ ကွင်းဆင်းလေ့လာရေး ခရီးထွက်လျက်ရှိသည်။ ဇွန် ၂ရက်မှစ၍ သုံးပတ်ကာလအတွင်း ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို လက်တွေ့ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်သော လေ့လာချက်စာတမ်းများလည်း ပြန်လည်တင်ပြကြမည် ဖြစ်သည်။

ဇွန် ၅ ရက်တွင် ကွင်းဆင်းလေ့လာရေးအဖွဲ့များအနက် သာယာဝတီနှင့် ရွှေတောင်မြို့ရှိ လေ့လာရေးအဖွဲ့များအား ဆေးတက္ကသိုလ်(၂) ရန်ကုန် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်နှင့် ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာနမှ ပါမောက္ခ ဒေါ်စန်းစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က လိုက်လံ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(ကျန်းမာရေး)

ကွင်းဆင်းလေ့လာရေး ကျောင်းသားများနှင့် ဆေးတက္ကသိုလ်(၂)၊ ခေတ္တပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအား ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့ တိုက်နယ်ဆေးရုံ၌ တွေ့ရစဉ်။

(ကျန်းမာရေး)

မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၈

ထိုင်းနိုင်ငံ ပတ်တယားမြို့၌ ဇွန် ၄ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး နှစ်ပတ်လည် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်စိုးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက်တွင် ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ် Mrs. Chitriya Pinthong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နှစ်ဦးတို့က နှစ်ပတ်လည် ညှိနှိုင်းအစည်းအဝေးနှင့် စပ်လျဉ်းသည့် သဘောတူ အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ်အတွင်းရှိ လေဘေးသင့် မူလတန်းကျောင်းများသို့ ရေစစ်ပါသောက်ရေပုံးများ ဖျာပုံမြို့နယ်အသင်းမှ ပေးအပ်

ဖျာပုံ ဇွန် ၈

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ လေဘေးသင့် အခြေခံပညာမူလတန်းကျောင်းများအတွက် ရေစစ်ပါသောက်ရေပုံးများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၇ရက် နံနက်ပိုင်းက ဖျာပုံမြို့ ဇော်ဂျီခန်းမရှေ့၌ ကျင်းပရာ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)ဒုတိယဥက္ကဋ္ဌ ရဲသူရဦးသန်းလှိုင်(ငြိမ်း)နှင့် အတွင်းရေးမှူး ဦးခင်ဦးတို့က ခရိုင်ဥက္ကဋ္ဌ ဦးမျိုးချစ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ သောက်ရေပုံးများသည် Loving Kindness မေတ္တာကုမ္ပဏီမှ ထုတ်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ဖျာပုံမြို့နယ်အသင်းမှ သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် လိုအပ်သော သောက်ရေပုံးများအား ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၄၀)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း အင်းစိန်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး၊ ရေစီး/ရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး၊ ရေစီး/ရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူတို့က ရန်ကုန်တိုင်း အတွင်းနှင့် မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားနိုင်မှု၊ အခြေအနေများ၊ ရေစီး/ ရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ် လှရွှေဝင်းက ဖြည့်စွက်အမှာစကားပြောကြား၍ တိုင်းမှူးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ပေါက်တောချောင်းအတွင်း ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ရေစီး/ရေလာကောင်းမွန်ရေး၊ ရေဝပ်မှုမရှိစေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် လမ်းသစ်လမ်းနှင့် အဝေရာလမ်းတစ်လျှောက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ် ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်ငါးလုံး အသုံးပြု၍ Block Spray စနစ်ဖြင့် နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုများ၊ ကျန်းမာရေး၊ ပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးကုဆရာဝန်များ ဆေးရုံသင်္ဘောများ၌ ဆေးအကာအကွယ်ပေးဆောင်ရွက်ကြရန် ထွက်ခွာ

ရန်ကုန် ဇွန် ၈

လေဘေးသင့်ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းအတွင်းရှိ ဘိုကလေးမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် ဖျာပုံမြို့နယ်များရှိ ဆေးရုံသင်္ဘောများ၌ ဆေးအကာအကွယ်ပေးဆောင်ရွက်ရန် ထွက်ခွာကြမည့် အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များအား ဇွန် ၇ ရက် နံနက် ၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၌ ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုအပ်သည့် ဆေးဝါးများကို ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံနှုတ်ဆက်ကြသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့တွင် ဘိုကလေးမြို့သို့ သမားတော်ကြီး ဒေါက်တာမင်းဇော်ဦး ဦးဆောင်သော အဖွဲ့၊ လပွတ္တာမြို့နယ်သို့ သမားတော် ဒေါက်တာမိုးနိုင် ဦးဆောင်သော အဖွဲ့၊ ဖျာပုံမြို့နယ်သို့ သမားတော် ဒေါက်တာကောင်းမြတ် ဦးဆောင်သော အဖွဲ့တို့နှင့် မျက်စိခွဲစိတ် ဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ စိတ်ရောဂါကုဆရာဝန်များ၊ ခံတွင်းရောဂါကု ဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုများ ပါဝင်ကြသည်။

ဆောင်ရွက်

အဆိုပါ ဆေးရုံသင်္ဘော အထူးကုအဖွဲ့ဝင်များအနေဖြင့် အခြေစိုက်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ အရောက် စက်တပ်လှေ၊ လှေများ အသုံးပြုကာ လှည့်လည်၍ ကျေးရွာပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အဆက်မပြတ် ဆောင်ရွက်ပေးကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့် သွေးဖြင့် အသက်ကယ်ပါ

ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်

ရန်ကုန် ဇွန် ၈

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဝန်ထမ်း သားသမီးများအတွက် ၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေနှင့်ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးအတွက် အလှူငွေများကို အလှူရှင်များက ပေးအပ်ရာ ဦးဆောင်ညွှန်ကြားရေးမှူးက လက်ခံ၍ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများက ရန်ကုန်နှင့် နယ်ဌာနခွဲများ အပါအဝင် ဌာနခွဲအလိုက် ထောက်ပံ့ငွေများနှင့် ကျောင်းသုံး ဗလာစာအုပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် ကောလိပ်များရှိ ကျောင်းသား၊ ကျောင်းသူဦးရေ ၂၂၉၆ ဦးအတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် သံဃာတော်များနှင့် ပြည်သူများအတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၈

မုန်တိုင်းဒဏ်သင့် သံဃာတော်များနှင့် ပြည်သူများအတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပွဲကို ဇွန် ၆ ရက် ညနေ ၃ နာရီက နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော် မင်္ဂလာခန်းမတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် အဖွဲ့ဝင်များ၊အဘိုး၊အဘွားများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်က လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွားများ၊ စောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အလှူရှင်များ လှူဒါန်းကြသော အလှူငွေကျပ် ၁၀သိန်းနှင့် တန်ဖိုးငွေကျပ် သိန်း ၂၀ ရှိ သက်န်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများကို အလှူရှင်များ၏ကိုယ်စား အသက် ၁၀၇ နှစ်ရှိ အဘွား ဒေါ်အေးမေကဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ ပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် ဒုတိယဝန်ကြီးက လေဘေးဒဏ်သင့် သံဃာတော်များ၊ ပြည်သူများ ကျန်းမာချမ်းသာကြစေရန် မေတ္တာပို့သကြသည်။ (ဘိုးဘွားရိပ်သာ)

လေဘေးသင့် စံကားဝါပင်ကျောင်း ပြန်လည်ပြုပြင်ရေး လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် မင်္ဂလာတိုက်ရှိ ရှေးဟောင်း စံကားဝါပင်ကျောင်းတော်ကြီးသည် လေဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရာ ယခုအခါ ပေ ၃၀×ပေ၄၀ အာရ်စီ နှစ်ထပ်ကျောင်း ပြန်လည်တည်ဆောက်မည်ဖြစ်ပါသည်။ စေတနာရှင်များအနေဖြင့် ဘဒ္ဒန္တ ဣန္ဒောဘာသ၊ စံကားဝါပင်ကျောင်း၊ မင်္ဂလာတိုက် ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် ကျောင်းကြီးကျောင်း ပရိယတ္တိစာသင်တိုက် နေကျော်တန်းလမ်း သဲကုန်းမြို့ ပဲခူးတိုင်း(အနောက်ပိုင်း) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ကျောင်းတော်တစ်ခန်းလျှင် ကျပ် ၁၀သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

လေဘေးသင့်ပြည်သူများအတွက် ရေသန့်စင်စက်တစ်လုံး တပ်ဆင်လှူဒါန်း

ရန်ကုန် ဇွန် ၈

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ နေ့စဉ်လှူဒါန်းလျက်ရှိရာ မေ ၂၅ ရက်က ဘိုကလေးမြို့နယ်အတွင်းရှိ မုန်တိုင်းဒဏ် ခံစားခဲ့ကြရသော လေဘေးသင့်ဒုက္ခသည်များ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ ရရှိသုံးစွဲနိုင်စေရန် ရည်ရွယ်၍ SINMA FURNISHINGS CO.,LTD. က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ရေသန့်စင်စက်တစ်လုံးနှင့် မီးစက်တစ်လုံးကို တပ်ဆင်လှူဒါန်းခဲ့သည်။ **(ဝဲပုံ)** (ကြေးမုံ)

မြေအုတ်တို့ပြိုလဲရာ၌ ကျောက်အုတ်တို့ဖြင့် အစားထိုး တည်ဆောက်နိုင်ရမည် (၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖျာပုံမြို့နယ် ကဒုံကနီကျေးရွာမှ ရွာသူရွာသားများအား တွေ့ဆုံနှုတ်ဆက်အားပေး၍ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နာဂစ်လေမုန်တိုင်း ကျရောက်ပြီးနောက် ကျွန်တော်တို့နိုင်ငံ၏ မြင်ကွင်းများသည် ပို၍တက်ကြွသက်ဝင် လှုပ်ရှားလာသကဲ့သို့ ပြည်သူအားလုံး၏ မေတ္တာ၊ စေတနာ၊ စည်းလုံးညီညွတ်ရိုင်းပင်းမှု အရင်းခံစိတ်ဓာတ်များသည်လည်း ပိုမိုပီပြင် ထင်ရှားထက်သန်လာခဲ့သည်ဟု ဆိုချင်ပါသည်။ အရေးဆိုလျှင် သွေးကစကားပြောသည်မှာ အထူးပင်မှန်ကန်လှပါ၏။

နိုင်ငံအတွင်း နာဂစ်မုန်တိုင်း စတင်ကျရောက်ခဲ့ချိန်မှစ၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးစီးသော အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများသည် လေဘေးသင့် ဒေသအသီးသီးသို့ ဖြန့်ခွဲသွားရောက်လျက် ဒေသခံပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေကြသည့် မြင်ကွင်းမှာ လွန်စွာ အားရဂုဏ်ယူဖွယ် ကောင်းလှပါသည်။ လေဘေးဒဏ် ဖြစ်လျှင်ဖြစ်ချင်း ပြည်နယ်/တိုင်း အသီးသီးရှိ ပြည်သူများ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ အားလုံးက အရေးပေါ်လိုအပ်သည့် စားသောက်ဖွယ်ရာ၊ ရေသန့်၊ ဟင်းသီးဟင်းရွက်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကို ပုံအောထောက်ပံ့နေကြသည်မှာလည်း ဗြဟ္မစိုရ်တရားလေးပါး ထွန်းကားသည့် ဗုဒ္ဓဘာသာနိုင်ငံ တစ်နိုင်ငံ၏ ပုံရိပ်ကို ပို၍ ပီပြင်ထင်ရှားစေခဲ့ပါသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်း အသီးသီးမှ ပါရဂူများ၊ ဆရာဝန်၊ ဆရာမများကလည်း လေဘေးသင့်ရာ ကျေးလက်ဒေသများအထိ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြသည်မှာ ကျွန်တော်တို့နိုင်ငံနှင့် လူမျိုး၏ မိသားစုဝင်အချင်းချင်း ရိုင်းပင်းကူညီတတ်သည့် စိတ်ဓာတ်ကို ဖော်ညွှန်းနေခြင်းပင် ဖြစ်ပါ၏။ ဤကဲ့သို့ ကျွန်တော်တို့နိုင်ငံနှင့် လူမျိုး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်ကို ညီညီညွတ်ညွတ် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် မှတ်တမ်းများက နာဂစ်လေမုန်တိုင်း၏ ကြမ်းတမ်းရက်စက် ထိုးနှက်ချက်များကို ပြန်လည်ချေဖျက် ဆေးကြောသန့်စင်ပေးလျက်ရှိသည်ဟု ဆိုနိုင်ပါသည်။

အခြေခံအဆင့် ကယ်ဆယ်စောင့်ရှောက်မှုလုပ်ငန်းများ အတော်အသင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးသည့်နောက်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဓိက လေဘေးဒဏ်ခံရသည့် ဒေသများသို့ အရောက်သွားပြီး ဒုက္ခသည်ပြည်သူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ အားပေးခဲ့ပါသည်။ ထို့ပြင် အတွေ့အကြုံရင့်ကျက်ပြီး အမြော်အမြင်ကြီးမားသည့် အကြီးအကဲ ပီသစွာပင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ပြီး ပိုမိုထိရောက်ကောင်းမွန်သည့်၊ အမှန်တကယ် လိုအပ်သည့် လမ်းညွှန်ပံ့ပိုး ဆောင်ရွက်မှုများကိုလည်း ဆုံးဖြတ်ချမှတ်ပေးနိုင်ခဲ့ပါသည်။ ဒေသခံဒုက္ခသည်များအတွက် အမြဲတမ်းစွဲထင် အမှတ်ရနေစေသည့် တွေ့ဆုံအားပေးပံ့ပိုးမှုများ ဖြစ်သကဲ့သို့ ဒေသအတွက်လည်း ရာသက်ပန် အကျိုးဖြစ်ထွန်းစေမည့် ရလဒ်များ အထင်အရှား ကျန်ရစ်စေရန် ပုံဖော်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်ချမှတ်ခဲ့သည့် မူဝါဒများကို လက်တွေ့ မြေပြင်၌ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန်လ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ လေဘေးသင့်ဒေသများသို့ လှည့်လည်သွားရောက်ခဲ့ပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ လိုက်ပါခဲ့ကြပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းရှိ လေဘေးသင့်မြို့နယ် ခုနစ်မြို့နယ် စုစုပေါင်း ရှစ်မြို့နယ်အာ...
နှုန်းဖြင့် အောက်ခြေကယ်ဆယ်ရေ...
ခံ၍ မရောက်ရောက်အောင် သွာ...
ပြည်သူများအား တစ်ဦးချင်း...
ရင်းရင်းနှီးနှီး အားပေးတွေ့ဆုံ၍...
ဆောင်ရွက်ပေးခဲ့ပါသည်။ လေ...
လက်တွေ့နယ်ပယ်၌ လက်ငင်းအ...
များကို ညှိနှိုင်းအကောင်အထည်...
သကဲ့သို့ ဒေသအတွက် ရေရှည်...
ဆောင်ပေးနိုင်ခဲ့သည်ဖြစ်ရာ...
ခရီးစဉ်သည် အမှန်ပင်ထူးခြားပြီ...
သည့် ခရီးစဉ်တစ်ရပ်ပင်ဖြစ်ပါ...

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်...
ရက်နေ့ နံနက် ၈ နာရီ မိနစ် ၂...
ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ကျိုက်...

သည်။ ရောက်ရှိပြီးနောက် ကျိုက်...
အနေအထားရောက်ရှိပြီး သွား...
နေအိမ်များ ပြုပြင်ပြီးစီးမှုများကို...
လည်ကြည့်ရှုခဲ့ပါသည်။ ၎င်းနော...
ခန်းမ၌ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က...
တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလ...
အခြေအနေများအား ရှင်းလင်းတင်...
က သိရှိလိုသည်များ ထပ်မံမေး...
မှာကြားခဲ့ပါသည်။

ထို့နောက် မြို့နယ်ပြည်သူ့...
များအား ကြည့်ရှုအားပေးပြီး ဆရာ...
ရှိသူများကိုလည်း နှုတ်ဆက်အား...
ကျိုက်လတ်မြို့နှင့် မြို့မဈေးပတ်ဝန်း...
ဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဒေသ...
နှုတ်ဆက်ခဲ့ပါသည်။ ထိုမှတစ်ဆင့်...
အဖွဲ့သည် ဖျာပုံမြို့သို့ ရဟတ်ယ...
ရေးဦးစွာ ဖျာပုံမြို့ မူလအနေအထ...
တံတားကို မော်တော်ယာဉ်များ...
သည်။ ဖျာပုံတံတားအနီး မြေကွက်...
ဖြင့် ရဟန်းသံဃာများအပါအဝင်...

ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ရာတွင် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများ တည်ဆောက်ရေး၊ ပြည်သူများ၏ စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ပေးရေး လုပ်ငန်းများကို တစ်ပြိုင်တည်း စနစ်တကျ စီမံဆောင်ရွက်ပေးရမှာဖြစ်၊ ဒေသတစ်ခုနှင့်တစ်ခု ရေမြေသဘာဝအနေအထား၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းမှုစသည်တို့မှာ ထပ်တူထပ်မျှ မဖြစ်နိုင်သည့်အတွက် ဒေသတစ်ခုချင်းစီ၏ အခြေအနေနှင့် လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်မှ လုပ်ငန်းများ ထိရောက်အောင်မြင်မှာဖြစ်၊ နိုင်ငံတော်၏ ပံ့ပိုးပေးရမည့် လိုအပ်ချက်များကို ချက်ချင်းချမှတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ။

ိုင်ရမည် (၁)

ကျော်ရဲမင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဘိုကလေးမြို့နယ် အားကစားရုံ နေရာ၌ တပ်မတော် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအားကျန်းမာရေး စစ်ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြို့နယ် စုစုပေါင်း ရှစ်မြို့နယ်အား တစ်ရက်လျှင် နှစ်မြို့နယ်နှုန်းဖြင့် အောက်ခြေကယ်ဆယ်ရေးစခန်းများအထိ အပင်ပန်းခံ၍ မရောက်ရောက်အောင် သွားရောက်ခဲ့ပြီး လေဘေးသင့်ပြည်သူများအား တစ်ဦးချင်းရော၊ မိသားစုအလိုက်ပါ ရင်းရင်းနှီးနှီး အားပေးတွေ့ဆုံ၍ လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ လေဘေးသင့်ပြည်သူများအတွက် လက်တွေ့နယ်ပယ်၌ လက်ငင်းအကျိုးရှိစေမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ ဒေသအတွက် ရေရှည်အကျိုးစီးပွားကိုပါ ဖော်ဆောင်ပေးနိုင်ခဲ့သည်ဖြစ်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီး၏ ခရီးစဉ်သည် အမှန်ပင်ထူးခြားပြီး အကျိုးကျေးဇူးကြီးမားလှသည့် ခရီးစဉ်တစ်ရပ်ပင်ဖြစ်ပါ၏။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့သည် ဇွန်လ ၁ ရက်နေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ရောဝတီတိုင်း ကျိုက်လတ်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ရောက်ရှိပြီးနောက် ကျိုက်လတ်မြို့တွင်းလမ်းများ မူလအနေအထားရောက်ရှိပြီး သွားလာနိုင်မှု၊ ရပ်ကွက်အလိုက်နေအိမ်များ ပြုပြင်ပြီးစီးမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ပါသည်။ ၎င်းနောက် ကျိုက်လတ်မြို့ ရွှေရတုခန်းမ၌ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ကျိုက်လတ်မြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက သိရှိလိုသည်များ ထပ်မံမေးမြန်းပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား ကြည့်ရှုအားပေးပြီး ဆရာဝန်များ၊ သူနာပြုများ၊ တာဝန်ရှိသူများကိုလည်း နှုတ်ဆက်အားပေးခဲ့ပါသည်။ ၎င်းနောက် ကျိုက်လတ်မြို့နှင့် မြို့မဈေးပတ်ဝန်းကျင်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူများအား အားပေးနှုတ်ဆက်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့သည် ဖျာပုံမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ ဖျာပုံမြို့ မူလအနေအထားရောက်ရှိနေမှုများနှင့် ဖျာပုံတံတားကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ပါသည်။ ဖျာပုံတံတားအနီး မြေကွက်လပ်နေရာ၌ ရွက်ဖျင်တဲများဖြင့် ရဟန်းသံဃာများအပါအဝင် ဒေသခံများအား ဆေးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုကာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား နှုတ်ဆက်အားပေးခဲ့ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ယင်းနောက် ဖျာပုံမြို့ခန်းမ၌ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က ဖျာပုံမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ပါသည်။ ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေလုပ်သားများ၏ဘဝ ပြန်လည်ထူထောင်ရေးအတွက် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပေါင်းစပ်ပံ့ပိုး ဖြည့်ဆည်းပေးသွားမည့် လုပ်ငန်းခွင်သုံး ငါးဖမ်းကိရိယာများ ရှင်းလင်းပြသမှုကို ကြည့်ရှုစစ်ဆေးပါသည်။ ၎င်းနောက် ဖျာပုံခရိုင် ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခုတင် (၂၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ရန် လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ်ရှိ စက်ဆန်း ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး လေဘေးသင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ပါသည်။ စက်ဆန်းကျေးရွာမှ ရွာသူရွာသားများအား တွေ့ဆုံပြီး သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရသည့် ဒေသခံများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ဒုတိယဗိုလ်ချုပ်မှူးကြီးက ရှင်းလင်းပြောကြားအားပေးခဲ့ရာ ဒေသခံများအနေဖြင့် အားတက်ရွှင်လန်း အပြုံးပန်းတို့ ဝေဆာခဲ့သည့် အောင်မြင်သော တွေ့ဆုံပွဲလေးတစ်ရပ် ဖြစ်စေခဲ့ပါသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာရှိ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းအတွင်း ကျန်းမာရေးဆေးခန်း ဖွင့်လှစ်ကုသပေးနေမှု၊ ပံ့ပိုးပစ္စည်းများ ရရှိဖြန့်ဖြူးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ဆက်လက်၍ ဘိုကလေးမြို့နယ် ကျွန်းသာယာကျေးရွာမှ လေဘေးသင့်ပြည်သူများအား ရွက်ဖျင်တဲများဖြင့် စနစ်တကျနေရာချထားပေးမှုများကို ကြည့်ရှုပြီး လေဘေးသင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ပါသည်။ ထို့နောက် ကဒုံကနိကျေးရွာမှ ရွာသူရွာသားများအား တွေ့ဆုံနှုတ်ဆက်အားပေး၍ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး မွန်းလွဲ ၁ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ကဒုံကနိ ကယ်ဆယ်ရေးစခန်းမှ ပုသိမ်မြို့သို့ ထွက်ခွာရင်း လမ်းခရီးတစ်လျှောက်ရှိ လေဘေးသင့်ဒေသများ၏ အခြေအနေမှန်များကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုခဲ့ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ မြဧရာ အစည်းအဝေးခန်းမ၌ နံနက်ပိုင်းက လှည့်လည်ကြည့်ရှုခဲ့သည့် ကျိုက်လတ်နှင့် ဖျာပုံဒေသများ၏ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသတာဝန်ခံ ဝန်ကြီး၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံလမ်းညွှန်မှာကြားမှု ပြုလုပ်ခဲ့ပါသည်။ **ဒုတိယဗိုလ်ချုပ်မှူးကြီးက လေဘေးသင့် ဒေသများနှင့်စပ်လျဉ်း၍ ပထမဦးစားပေးလုပ်ငန်းဖြစ်သည့် ကယ်ဆယ်ရေးလုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ အောင်မြင်ပြီးစီးချိန်တွင် ဒုတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်ရာ၌ ဒေသခံများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက်ပါ ဦးတည်ချက်ထား ဆောင်ရွက်ကြရန်၊ လေဘေးသင့် ပြည်သူများအတည်တကျ နေရာချထားရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်အောင် ပံ့ပိုးပေးရေး၊ နောင် သဘာဝဘေးအန္တရာယ် ကြုံကြိုက်ပါက တားဆီးကာကွယ်နိုင်မည့် အစီအမံများ ဆောင်ရွက်ပေးရေးတို့အတွက် မြို့နယ်တစ်ခုချင်းအလိုက် ဆွေးနွေးချမှတ်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့သည် ဇွန်လ ၂ ရက်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိကြရာ ဒေသခံတပ်ရင်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြပါသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

* စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ဒုတိယဗိုလ်ချုပ်မှူးကြီးက **ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ရာတွင် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများ တည်ဆောက်ရေး၊ ပြည်သူများ၏ စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ဆောက်ပေးရေး လုပ်ငန်းများကို တစ်ပြိုင်တည်း စနစ်တကျ စီမံဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ရေမြေသဘာဝ အနေအထား၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းမှု စသည်တို့မှာ ထပ်တူထပ်မျှ မဖြစ်နိုင်သည့်အတွက် ဒေသတစ်ခုချင်းစီ၏ အခြေအနေနှင့် လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်မှ လုပ်ငန်းများ ထိရောက်အောင်မြင်မှာ ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပံ့ပိုးပေးရမည့် လိုအပ်ချက်များကို ချက်ချင်းချမှတ် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းမှာကြားခဲ့ပါသည်။**

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ လူနာများအား ကြည့်ရှုအားပေးပြီးနောက် ခုတင် (၁၀၀)ဆံ့ မြို့နယ်ဆေးရုံအဖြစ် ဆောက်လုပ်ရန် လျာထားသည့်နေရာကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ဂင်းနောက် မော်လမြိုင်ကျွန်းမြို့မှ ဘိုကလေးမြို့သို့ ရောက်ရှိကြပြီး လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံး၌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန် မှာကြားပါသည်။ ထို့နောက် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား လိုက်လံနှုတ်ဆက်အားပေးပြီး ခုတင် (၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည့်အဆောက်များ တိုးချဲ့ဆောက်လုပ်နိုင်မည့် နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ မြို့နယ်အားကစားရုံနေရာ၌ တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များနှင့် အိန္ဒိယသမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့တို့က ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးစခန်းမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ပါသည်။ ဂင်းနောက် လှိုင်းဘုန်းကျေးရွာကို ဝင်ရောက်ကြည့်ရှုကြပြီး ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ၊ မိသားစုအလိုက် စားဝတ်နေရေး အခြေအနေများ၊ ကလေးငယ်များ၏ ပညာရေးအခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက စာနာမှု မေတ္တာစိတ်အရင်းခံဖြင့် နွေးနွေးထွေးထွေး မေးမြန်းခဲ့သည့်နည်းတူ ဒေသခံများကလည်း ကိုယ်တွေ့ဖြစ်စဉ်များကို နိုင်ငံတော်အကြီးအကဲ မိဘတစ်ဦးအား ပွင့်ပွင့်လင်းလင်း အားပါးတရ မချွင်းမချန် ဖြေကြားတင်ပြခဲ့ကြပါသည်။ မိဘနှင့် သားသမီးများအကြားတွင် ဤသို့ နွေးထွေးရင်းနှီးပွင့်လင်းသော ဆက်ဆံရေးမျိုးရှိမှသာ အပြန်အလှန် နားလည်ယုံကြည်မှု တည်ဆောက်နိုင်ပြီး မိသားစုအကျိုးစီးပွားကို ဦးပဲ့ညီညီ ရွက်ထမ်းနိုင်ကြမည် မဟုတ်ပါလား။

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် လှိုင်းဘုန်းကျေးရွာမှ သိပ္ပံကုန်းကြီးကျေးရွာသို့ ရောက်ရှိကြပြီး ဒေသခံများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ သိပ္ပံကုန်းကြီးကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း အဆောက်အအုံ ပြန်လည်ပြင်ဆင်နေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ဂင်းနောက် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မွန်းလွဲ ၂ နာရီခွဲတွင် ပုသိမ်မြို့ မြဧရာအစည်းအဝေးခန်းမ၌ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီးက **လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာ၌ သာမန်အစားထိုးတည်ဆောက်မှုမျိုးမဟုတ်ဘဲ မူလအခြေအနေထက် သာလွန်တိုးတက် မြင့်မားရမည်ဟု ရည်မှန်းပြီး တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးကို ဒွန်တွဲဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတွင် တစ်နေရာ၌လိုအပ်ပါက အခြားနေရာမှ ဖြည့်ဆည်းပေးနိုင်ရန် မူလကပင် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း ရှင်းပြခဲ့ရာ လေဘေးသင့်ပြည်သူများအပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံး စိတ်အေးချမ်းသာ ဖြစ်ခဲ့ကြရပါသည်။**

ကျွန်တော်တို့နိုင်ငံ၌ ဆန်စပါး ဖူလုံရေးအတွက် ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံအောက်ပိုင်း၏ စပါးကျီဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်းကိုလည်း မြန်မာနိုင်ငံအထက်ပိုင်း၏ စပါးကျီဖြစ်စေရအောင် ဆည်များ၊ တမံများ အကွက်ချ တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါသည်။ သဖန်းဆိပ် ရေလှောင်တမံကြီး တည်ဆောက်ပြီး ရေရရှိအောင် ဆောင်ရွက်ပေးနိုင်မှုကြောင့် ယခုအခါ စစ်ကိုင်းတိုင်းသည် နှစ်စဉ် စပါးတင်းသိန်း ၁၀၀၀ ပိုလျှံနေပြီဖြစ်ပါသည်။ အလားတူပင် မကွေးတိုင်းသည် နိုင်ငံ၏ ဆီအိုးကြီးဖြစ်သကဲ့သို့ တနင်္သာရီတိုင်းကိုလည်း နောက်ထပ် ဆီအိုးကြီးအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိရာ အခြေခံစားကုန်များကို တစ်နေရာမဟုတ်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်စေရအောင် စီမံထားသည့်အတွက် ဖူလုံပိုလျှံပြီး စိတ်ပူပန်စရာ မလိုတော့ပါချေ။ ။

(ဆက်လက်ဖော်ပြပါမည်။)

လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာ၌ ပြောင်းရွှေ့နေထိုင်လာသူ ၇၇၀ ရှိနေ

ရန်ကုန် ဇွန် ၈

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာသို့ ကယ်ဆယ်ရေးစခန်းများနှင့် အခြားကျေးရွာများမှ မိမိတို့၏ ဆန္ဒအရ ပြောင်းရွှေ့နေထိုင်ကြသူ ဦးရေမှာ ယနေ့အထိ ၇၇၀ ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ကန်ဘက်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကြသူများအနက် ပြင်စလူအိုင်မကျေးရွာမှ ရေဘေးသင့်ပြည်သူ ဦးအောင်ဇော်က ဂင်းနှင့်အတူ ဇနီး ဒေါ်ဇင်မာလွင်၊ သား မောင်သူရအောင်နှင့် သမီး မချမ်းမြေ့အောင်တို့သည် မေ ၂၈ ရက်တွင် ဝါးခယ်မကယ်ဆယ်ရေးစခန်းမှ ဂင်း၏ မိဘများရှိရာ ကန်ဘက်ကျေးရွာသို့ မိဘများနှင့်အတူ နေထိုင်ရန် ရောက်ရှိလာကြကြောင်း၊ ဂင်းတို့၏ ဆန္ဒအရ လာရောက်နေထိုင်ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးစခန်းမှ အတင်းအကျပ် စေလွှတ်ခြင်းမဟုတ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းတွင် ရှိစဉ်က စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်များ အပါအဝင် ထောက်ပံ့ရေးပစ္စည်း ၂၂ မျိုးကို လက်ခံရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့် ပြည်သူများအားလုံး ထောက်ပံ့ရေးပစ္စည်းများ ညီမျှစွာ ရရှိကြကြောင်း မိမိတို့သတင်းအဖွဲ့အား ပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်စု၌ လယ်ယာကဏ္ဍလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၈

ဧရာဝတီတိုင်းအတွင်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်စု ကန်ဘက်ကျေးရွာ၌ မက်(စ်)မြန်မာ ကုမ္ပဏီမှ ကျေးရွာဆေးပေးခန်းအဆောက်အအုံကို တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အခြေခံပညာ အထက်တန်းကျောင်းအဆောက်အအုံကို ပြန်လည်ပြင်ဆင်လျက်ရှိသည်။

ဖြန့်ဖြူးပေး

ထို့အတူ ကျေးရွာရှိ လယ်မြေများတွင် အချိန်မီစပါး ပြန်လည်စိုက်ပျိုးနိုင်စေရန်အတွက် နိုင်ငံတော်မှ လယ်ယာ(၁၆) လက်တွန်းထွန်စက် ၁၁ စီး၊ ကျွဲ ၁၈ ကောင်၊ ဒီဇယ်ဆီ ဂါလန် ၁၅၀၊ ဂီယာဝိုင် ၂၅ ဂါလန်နှင့် ကမာကြည်နှင့် သုခထွန်း မိုးစပါး မျိုးစေ့တင်း ၂၀၀ တို့ကို တောင်သူလယ်သမားများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများ၌ ကလေးသူငယ်များအား ဝက်သက်နှင့် ပိုလီယိုရောဂါ ကာကွယ်ဆေးများ တိုက်ကျွေး ထိုးနှံပေးလျက်ရှိ

ရန်ကုန် ဇွန် ၈

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ၊ ရက်ကွက်နှင့် ကျေးရွာအုပ်စုများရှိ (၅)နှစ်အောက် ကလေးသူငယ်များအား ဝက်သက်နှင့် ပိုလီယိုရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း၊ယခုအခါ ကလေးသူငယ်များအား အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အသက်တိုးမြှင့်သတ်မှတ်၍ ဝက်သက်နှင့် ပိုလီယိုရောဂါကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးလျက်ရှိရာ မေ ၈ ရက်တွင် လပွတ္တာမြို့နယ် ရတနာဒီပ၊ သုံးမိုင်နှင့် ငါးမိုင် ကယ်ဆယ်ရေးစခန်းတို့၌ (၅)နှစ်အောက် ကလေးသူငယ် ၅၄၀ တို့အား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးပြီး အသက်(၉)လမှ (၁၀)နှစ်အထိ ကလေးသူငယ် ၇၂၀တို့အား ဝက်သက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒေါက်တာသန်းထိန်ဝင်းက သတင်းအဖွဲ့သို့ ပြောကြားသည်။

(သတင်းစဉ်)

ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲ စတင် ချက်နှင့် ပေါ်တူဂီတို့ ပွဲဦးအနိုင်ရရှိ

ကလာဂျင်ဖတ် ဇွန် ၈

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲကို ဇွန် ၇ ရက်မှ စတင်ကျင်းပရာ ပွဲဦးထွက်အုပ်စု(က) ပွဲစဉ်တွင် ချက်အသင်းက အိမ်ရှင် ဆွစ်ဇာလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နာမည်ကြီး ပေါ်တူဂီအသင်းက တူရကီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ သုံးမှတ်စီ ရရှိသွားကြသည်။

“ပထမပွဲစဉ်အနိုင်ရရှိ၍ စိတ်ကျေနပ်မှုဖြစ်ရကြောင်း၊ မိမိတို့ ကောင်းစွာလုပ်ဆောင်နိုင်ခဲ့ကြောင်း”ဖြင့် ချက်အသင်း၏ အသက် (၆၈)နှစ် အရွယ်ရှိ နည်းပြဆရာကြီးက ပွဲအပြီး ပြောကြားသွားသည်။

ပေါ်တူဂီနည်းပြဆရာ စကိုလာရီကမူ “ယခုပွဲ အနိုင်ရရှိခြင်းသည် ကွာတား ဖိုင်နယ်တက်ရန်အတွက် ခရီးလမ်းတစ်ဝက် ရောက်ရှိခြင်းဖြစ်ကြောင်း” ပြောကြားသွားသည်။

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပသည့် ဩစတြီးယားနိုင်ငံ ကလာဂျင်ဖတ်မြို့၌ ဂျာမနီ ဘောလုံးအသင်း အားပေးသူ ခုနစ်ဦးအား ရဲက ဖမ်းဆီးခဲ့သည်။ အုပ်စု(ခ)တွင် ဂျာမနီအသင်းသည် အိမ်ရှင် ဩစတြီးယား၊ ပိုလန်၊ ခရိုအေးရှားတို့နှင့်အတူ ပါဝင်နေသည်။ ဂျာမနီနှင့် ပိုလန်အသင်း အားပေးသူ ပရိသတ်ချင်း အချင်းဖြစ်ပွားရာမှ ဂျာမန်ပရိသတ် ခုနစ်ဦးကို ရဲက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လှုပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ ဒေသဖွံ့ဖြိုးတိုးတက် စေမည် ဒုဋ္ဌဝတီ
၈း၁၅ ၇။ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈း၃၀ ၈။ International News.
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၄း၂၅ ၃။ အကပြိုင်ပွဲ
၄း၄၀ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ နားဝင်ပီယံသူ့လက်သံ
၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၃၀ ၇။ **လှေကားသုံးထစ် ဆင်းတဲ့အခါ (အရိုင်း၊ မင်းသူ၊ အေးသီတာ) [ဒါရိုက်တာ- သိန်းဟန်(ဖီးနစ်)]**
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ အလှူရှာမယ်လှူကမ္ဘာဝယ်
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာများနှင့် လှည့်ကွက်” (အပိုင်း-၁)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့” (အပိုင်း-၈)**
၁၆။ အစီအစဉ်ပြီး၏။

အတည်ပြုဖောင် ၂း၄၅

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအရှိန်မြှင့် ဆောင်ရွက်လျက်ရှိ

သတင်းခရီးသည် - မြင့်မောင်စိုး (မြန်မာ့အလင်း)
ဓာတ်ပုံ - မောင်မောင်သန့် (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၈

လွန်ခဲ့သောတစ်လက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း အထိခံရသည့် ဒေသများသည် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်၍ ပြန်လည်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားမြှင့်တင်ရေးတို့ကိုပါ တစ်ပြိုင်တည်းလုပ်ကိုင်ကြရန် သက်ဆိုင်ရာဒေသတာဝန်ရှိသူ အသီးသီးက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

မကြာမီကမြန်မာ့အလင်းသတင်းအဖွဲ့သည် လေဘေးဒဏ် အဆိုးရွားဆုံးဒေသများဖြစ်သည့်ဧရာဝတီတိုင်း တစ်ခွင် ဒေသအချို့သို့ လှည့်လည်သွားရောက်ကာ ပြန်လည်ထူထောင်ရေးမှ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နေသည့် မြင်ကွင်းအချို့ကို မြင်တွေ့ခဲ့ရပါသည်။

ဦးစွာရောက်ရှိသည့် ဒေသမှာ မော်လမြိုင်ကျွန်းမြို့ ဖြစ်သည်။ မြန်မာ့အလင်းသတင်းအဖွဲ့ မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသွားချိန်တွင် လေဘေးသင့် ဒုက္ခသည် ပြည်သူများ မိမိတို့၏ဆန္ဒအရ ကိုယ့်ရပ် ကိုယ့်ရွာသို့ ပြန်သွားကြပြီဖြစ်သည်။ မြို့ပေါ်ရှိ ကျောင်းများအားလုံး အမိုးမိုးပြီးနေသည်။ ထို့အပြင်ဆေးရုံနှင့်အစိုးရအဆောက်အအုံများ၊လူနေအိမ်များ၊ အမိုးများ ပြန်လည်မိုးပြီးပြီ ဖြစ်သည်။ အချို့သော လူနေအိမ်အချို့မှာ ပြန်လည်တည် ဆောက်နေဆဲဖြစ်သည်။ လိုအပ်သည့် သွပ်၊ သံနှင့် သစ်များလည်း သက်ဆိုင်ရာမှ ဖြန့်ဖြူးပေးလျက်ရှိသည်။

မြို့လျှပ်စစ်မီးအတွက် မီးစက်ဖြင့် ဓာတ်အားများ ဖြန့်ဖြူးပေးနေ၍ တစ်မြို့လုံး လျှပ်စစ်မီးများ ထိန်ထိန်လင်းနေသည်ကို တွေ့ရသည်။ ဆက်သွယ်ရေး ဖုန်းလိုင်းများမှာလည်း ကမ်းရိုးတန်းသုံး ဖုန်းများဖြင့် ဆက်သွယ်ပြောဆိုလျက်ရှိနေသည်ကို တွေ့ရသည်။ မော်လမြိုင်ကျွန်းမြို့ပတ်လည်ရှိ ဆန်စက် အချို့မှာလည်း မီးခိုးတလူလူဖြင့် ပြန်လည်ကြိတ်ခွဲလျက်ရှိသည်ကိုလည်း တွေ့ရသည်။

မော်လမြိုင်ကျွန်းမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး ရှေ့တန်းစခန်းများမှတစ်ဆင့် လေဘေးဒဏ်ခံရသော ကျေးရွာများသည် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ၊ စားစရာနှင့် အဝတ်အထည်များ ဆက်လက်ပေးပို့လျက်ရှိသည်ကိုလည်း တွေ့ရသည်။ မော်လမြိုင်ကျွန်းမြို့ ရှေ့တန်းငါးတန် တစ်ရာစခန်း၌ နယ်မြေခံ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဇံ ဦးစီးသော တပ်ရင်း တပ်ဖွဲ့ဝင်များက ကျေးရွာများအရောက် အမိုးအကာ၊ ဆန်၊ အဝတ်အထည်တို့ကိုသွားရောက် ဖြန့်ဝေပေးလျက်ရှိသည်။

ယခုအခါ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများဖြစ်သည့် ကျားဟုန်း၊ ဖိုးတီလွတ်၊ နမ်မူ၊ ကြက်ရှာ၊ ရှောက်ချောင်း၊ ကျွန်းချောင်း၊ မဘော၊ မြတ်သာရွာဝ၊ မြတ်သာရွာမ၊ မြတ်သာဥတို၊ မြတ်သာဇီးဖြူ၊ ကျားချောင်း၊ ကွဲခြံရေကျော်၊ ကွဲခြံကျုံတမု၊ မယ်ဇလီကဇန်းချောင်း၊ ထိယလိနှင့် မိတ်တလင်ကုန်း စသောကျေးရွာများ၌ လေဘေးသင့် ပြည်သူများ ပြန်လည်အခြေချ နေအိမ်များ ဆောက်လုပ်နေထိုင်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ကျေးရွာများအနက် ကျေးရွာအချို့တွင် ယခုအခါပြန်လည်ထူထောင်ရေးမှ ပြန်လည်တည်ဆောက်ရေးသို့ ဦးတည်ဆောင်ရွက်လျက်ရှိသည်။ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများသည် မူလနေထိုင်ရာ ကျေးရွာများတွင် ပြန်လည်အခြေချနေထိုင်လျက်ရှိပြီး နိုင်ငံတော်မှ လေဘေးသင့်ပြည်သူများအားလုံး အမိုးအကာအောက် ရောက်ရှိရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့် လယ်လုပ်ငန်းများစတင်နိုင်ရန်အတွက် လက်တွန်းထွန်စက်များဖြင့် ထွန်ယက်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေသည်။

ထို့အပြင် တောင်သူများအား စိုက်ပျိုးရန် မျိုးစပါးများ၊ တောင်သူသုံးပစ္စည်းများဖြစ်သည့် ပေါက်တူး၊ ပေါက်ပြား၊ ဓားစသည့် ပစ္စည်းများကိုလည်း ဖြန့်ဝေပေးနေကြောင်း သိရသည်။ မေ ၃၁ရက် နံနက်ပိုင်းက ကျားဟုန်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနက လက်တွန်းထွန်စက်များဖြင့် လယ်မြေများ စတင်ထွန်ယက်ပေးနေသည့် မြင်ကွင်းကိုလည်း တွေ့ရသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့နယ်မှ လေဘေးဒုက္ခသည် ပြည်သူများအား ကူညီစောင့်ရှောက်ပေးခဲ့သည့် မြောင်းမြမြို့သို့ ရောက်ရှိခဲ့သည်။ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိသွားချိန်တွင် မြောင်းမြမြို့ လေဘေးကယ်ဆယ်ရေးစခန်းမှ လေဘေးသင့်ပြည်သူများသည် မိမိတို့၏ ဆန္ဒအရ သက်ဆိုင်ရာ ကျေးရွာများသို့ ပဲ့ထောင် စက်လှေကြီးများဖြင့် ထောက်ပံ့ပေးပို့သော ဆန်၊ အဝတ်အထည်၊ အမိုးအကာ အလုံအလောက် သယ်ဆောင်ကာ ကိုယ့် ရပ်ကိုယ့်ရွာသို့ ပြန်လည်ထွက်ခွာလျက်ရှိသည်ကို တွေ့ရသည်။ လေဘေးသင့်သူများကို ထောက်ပံ့ပစ္စည်းများ ဆက်လက် ထုတ်ယူနိုင်သည့် စာအုပ်များကိုလည်း နိုင်ငံတော်၏ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုမှ ဆက်လက်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် ဟိုင်းကြီးကျွန်းဒေသရှိ လေဘေးသင့်ကျေးရွာများသို့ ရောက်ရှိခဲ့ပါသည်။ ဟိုင်းကြီးကျွန်းမြို့ရှိ စာသင်ကျောင်းနှင့် လူနေအိမ်များ၊ သွပ်များ တဖွေးဖွေးဖြင့် နေရောင်အလာတွင် လင်းလက်တောက်ပလျက်ရှိသည်ကို တွေ့ရသည်။ အချို့သော နေရာများတွင် ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။ အချို့သော ကျေးရွာများ၌ ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းဆောင်ရွက်ရန် စက်လှေများပြင်ဆင်ခြင်းနှင့် ပိုက်ကွန် ရက်လုပ်ခြင်းများ လုပ်ကိုင် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

သို့ဖြစ်ရာ လေဘေးဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် လေဘေးသင့်ပြည်သူများအား အမိုးအကာများအောက်ရရှိရေး ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ကုမ္ပဏီများအနေဖြင့်လေဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမအသင်းမှ ပြည်သူများအား သွပ်ပြားများ ဖြန့်ဖြူးပေးနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ပြန်လည်ပြုပြင် ပြီးစီးနေသော ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းကို ဤသို့ တွေ့ရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာ၌ လယ်ယာမြေများ ထွန်ယက်ရန် စက်မှုလယ်ယာဦးစီးဌာနမှ ပေးပို့ထားသော လက်တွန်း ထွန်စက်များကို ဤသို့ တွေ့ရသည်။

ပြန်လည်ပြုပြင် ပြီးစီးသွားသော မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံကို ဤသို့ တွေ့ရ သည်။

နျူကလီးယား စက်ရုံများတိုက်ခိုက်ရန် ခြိမ်းခြောက်ခြင်းအား အိုင်အေအီးအေက သတိပေး

ဘာလင် ဇွန် ၈

နိုင်ငံတကာ အဏုမြူ စွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြီးအကဲက တစ်နေ့တွင် ပုံးထုတ်လုပ်လိမ့်မည်ဟု သံသယရှိသော နျူကလီးယား စက်ရုံများကို တိုက်ခိုက်ရန် ခြိမ်းခြောက်ခြင်းသည် နျူကလီးယားမပြန့်ပွားရေးစာချုပ်ကို လျှို့ဝှက်စွာ ဖောက်ဖျက်စေနိုင်ကြောင်း ပြောကြားလိုက်သည်။

တစ်ဖက်သတ်စစ်ရေးလှုပ်ရှားခြင်းသည် နိုင်ငံတကာစာချုပ်၏ အခြေခံမူကို မလိုက်နာခြင်းဖြစ်ကြောင်း၊ ကမ္ဘာကြီးသည် သမိုင်း အလှည့်အပြောင်းသို့ ရောက်ရှိနေကြောင်း အိုင်အေအီးအေ အကြီးအကဲ မိုဟာမက်အယ်လ်ဘာရာဒေးက ဒါးစပီးဂယ်လ် မဂ္ဂဇင်းသို့ ပြောကြားသည်။

အီရန်နိုင်ငံ၏ အဏုမြူထုတ်လုပ်ရန်နည်းပညာ တိုးတက်လာခြင်းကို ကုလသမဂ္ဂ၏အရေးယူမှုကဟန့်တားနိုင်ခြင်း မရှိဟု တွေ့မြင်လာရသည့်အတွက်အီရန်နိုင်ငံအား တိုက်ခိုက်ရန်မှာရှောင်လွှဲ၍မရနိုင်ကြောင်းအစ္စရေးထိပ်တန်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားခဲ့သည်။

သံသယရှိသော နျူကလီးယား ပစ်မှတ်များအား စစ်ရေးအရ အရေးယူရေးစဉ်းစားရန် ပို၍ပို၍အသင့်အနေအထားရှိခြင်းများမှ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှု များကြီးထွားလာခြင်းဖြစ်သည်ဟု ဘာရာဒေးက ပြောသည်။

အစ္စရေးနှင့်အမေရိကန်ပြည်ထောင်စုတို့သည် နောက်ဆုံးအဆင့်အနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်အား တိုက်ခိုက်ခြင်းကို ငြင်းဆိုခြင်း မပြုပေ။

အင်တာနက်။



ဂျပန်နိုင်ငံ တိုကျိုမြို့ အကီဟာဘာရာခရိုင်တွင် ဇွန် ၈ရက်က လူတစ်ဦး ဓားဖြင့်ရမ်းကားမှုကြောင့် ဒဏ်ရာရရှိသူများအား ကယ်ဆယ်ရေး ဝန်ထမ်းများ ကူညီနေစဉ်။ (အခင်းဖြစ်ပွားမှုကြောင့် လူခြောက်ဦးသေဆုံးပြီး အနည်းဆုံး ၁၂ ဦး ဒဏ်ရာရရှိသည်) *(ဓာတ်ပုံ-အင်တာနက်)*

တရားမဝင်သစ်ခိုးထုတ်သူ ၁၀ ဦး ဘရာဇီးရဲတပ်ဖွဲ့က ဖမ်းဆီး

ရီယိုဒီဂျနေးရိုး ဇွန် ၇

အမေဇုန်မုတ်သုံတော ရွန်ဒိုနီရာပြည်နယ်၌ တရားမဝင်သစ်မှောင်ခိုခိုးထုတ်သူ ၁၀ဦးအား ဇွန် ၅ရက်က ဘရာဇီးရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ထိုဖမ်းဆီးမိခဲ့သူများထဲမှ နှစ်ဦးမှာ ဘရာဇီးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ပြည်သူ့ဝန်ထမ်းဖြစ်ပြီး ကျန်ရှစ်ဦးမှာ ၎င်းဒေသ၌ လာရောက်လုပ်ကိုင်သောကုမ္ပဏီများမှ သစ်လုပ်ငန်းရှင်များ ဖြစ်ကြသည်။

၎င်းတို့အဖွဲ့က အဆိုပါသစ်တောမှ တရားမဝင်သစ်ခိုးထုတ်မှု ပမာဏမှာ ကုဗမီတာ ၁၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ ၎င်းတို့သည် ဝယ်ယူနေကျနိုင်ငံများဖြစ်သည့် ဘရာဇီးအရှေ့တောင်ဘက်၊ ဥရောပနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သို့ တရားမဝင်တင်ပို့ရောင်းချမည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ သစ်မှောင်ခို ခိုးထုတ်ခြင်းသည် ၎င်းဒေသ၏ သစ်တောပြုန်းတီးမှုဖြစ်ပွားစေသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက်တိုက်ခိုက်မှုနှင့် အစွန်းရောက်ဝါဒ တိုက်ဖျက်ရန် ပါကစ္စတန် မဟာဗျူဟာ ချမှတ်

အစ္စလာမ္မာဘတ် ဇွန် ၇

အကြမ်းဖက်တိုက်ခိုက်မှုနှင့် အစွန်းရောက်ဝါဒတိုက်ဖျက်သည့်ပါကစ္စတန်နိုင်ငံ၏ မဟာဗျူဟာကို ထောက်ခံကြောင်း ဗြိတိန်က အခိုင်အမာ ပြောကြားသည်။

ဗြိတိန်နှင့်ပါကစ္စတန်နှစ်နိုင်ငံဆိုင်ရာ အရေးကိစ္စများနှင့်အပြန်အလှန်အကျိုးစီးပွားနှင့်ပတ်သက်၍သဘောထားခြင်းဖလှယ်ရန်ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်မီလီဘန်က ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး မီမွတ်ကျူရီရှီအား တိုက်တွန်းသည်ဟု ဝက်ဘ်ဆိုက်ရှိသတင်းပြန်တမ်းတွင် ဖော်ပြထားသည်။

နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးက ပါကစ္စတန်-အိန္ဒိယ ဆွေးနွေးပွဲနှင့်ပတ်သက်၍ တိုးတက်မှုရှိကြောင်းနှင့် ဆွေးနွေးပွဲသည် အပြုသဘောရှိသည့် အခြေအနေသို့ ရောက်ရှိနေသည်ဟုပြောကြားသည်။

ပါရီတွင် ယခုလ၌ ကျင်းပမည့် အာဖဂန်နစ္စတန်နိုင်ငံအား ထောက်ခံမှုဆိုင်ရာ နိုင်ငံတကာ ညီလာခံတွင် သီးခြားအစီအစဉ်ဖြင့်နှစ်နိုင်ငံအစည်းအဝေး ကျင်းပရန် မီလီဘန်နှင့် ကျူရီရှီက မျှော်လင့်ထားကြသည်။

ပါကစ္စတန်အစိုးရသစ်က အကြမ်းဖက်တိုက်ခိုက်မှုနှင့် အစွန်းရောက်ဝါဒကို တိုက်ဖျက်ရန် မဟာဗျူဟာချမှတ်ထားပြီး လက်နက်ချသည့် စစ်သွေးကြွများနှင့်လည်း ဆွေးနွေးပွဲပြုလုပ်မည်ဟု ကတိကဝတ်ပြုထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုတွင် မူးယစ်ဆေးဝါး တန် ၂၉၀၀ ဖျက်ဆီး

မက္ကဆီကိုစီးတီး ဇွန် ၇

မက္ကဆီကိုနိုင်ငံတွင် သမ္မတ ဖိလစ်ကောလ်ဒီရွန်အာဏာရယူပြီး ၁၈လအတွင်း မူးယစ်ဆေးဝါး တန် ၂၉၀၀ ကိုဖမ်းဆီးဖျက်ဆီးခဲ့ကြောင်းရာဇဝတ်ဂိုဏ်းများ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ (ပီဂျီအာ)က ကြာသပတေးနေ့တွင် ပြောကြားသည်။

အာဏာပိုင်များသည် ထိုကာလအတွင်းမှာပင်လက်နက်၁၅၀၀၀ကျော်၊ လက်ပစ်ဗုံး၉၀၀နှင့်ကျည်ဆန်၁ဒသမ ၅သန်းကိုဖမ်းဆီးနိုင်ခဲ့ကြောင်း ထပ်မံပြောကြားသည်။

ရာဇဝတ်ဂိုဏ်းအဖွဲ့များ၊ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများအားချေမှုန်းစဉ်တွင်မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်ရာတွင်အသုံးပြုသော ကြည်း၊ ရေ၊လေ ယာဉ်ပေါင်း၇၄၀၂ စင်းအားဖမ်းဆီးခဲ့ကြောင်း ပီဂျီအာဒုတိယရှေ့နေချုပ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံအင်ဒီယားနားပြည်နယ် အလယ်ပိုင်းတွင် ရေကြီးရေလျှံမှု ဖြစ်ပွားသဖြင့် လမ်းများ ရေမြုပ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားနိုင်ငံမှ အဏုမြူဓာတ်ပေါင်းဖိုတစ်ခုပိတ်

မော်စကို ဇွန် ၇

ရုရှားနိုင်ငံသည် စစ်အေးခေတ်ကာလအတွင်း တည်ဆောက်ခဲ့သော နျူကလီးယား စက်ရုံတို့၏ အန္တရာယ်များပြားလာခြင်းကို လျှော့ချရန် အမေရိကန်နိုင်ငံနှင့် သဘောတူညီချက်တစ်စိတ်တစ်ပိုင်းအရ လက်နက်ထုတ်နိုင်သောအဆင့်ရှိ ပလူတိုနီယံများထုတ်လုပ်သော အဏုမြူဓာတ်ပေါင်းဖိုတစ်ခုကို ကြာသပတေးနေ့က ပိတ်လိုက်သည်။

ပိတ်လိုက်သော ဓာတ်ပေါင်းဖိုမှာ တိုမတ်ဒေသ၊ ဆီးဗတ်မြို့ရှိ ဆိုက်ဘေးရီးယန်း ဓာတုဗေဒ လုပ်ငန်း (အက်စ်ကေအိတ်ချ်ကေ)မှ အေဒီအီး-၅ ဖြစ်ကြောင်း အီတာတပ်စ် သတင်းဌာနက ဖော်ပြသည်။

ရပ်ဆိုင်း

အေဒီအီး-၅ သည် အက်စ်ကေအိတ်ချ်ကေ၏ ဒုတိယမြောက်နှင့် နောက်ဆုံးဓာတ်ပေါင်းဖိုဖြစ်ကြောင်း၊ ပထမ ဓာတ်ပေါင်းဖိုကို ဧပြီ ၂၀ ရက်က ရပ်ဆိုင်းခဲ့ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းဌာနက ဖော်ပြသည်။

နျူကလီးယား လက်နက်များတွင် အမေရိကန်က ကြီးစိုးနေခြင်းအား ဖယ်ရှားရန်ရည်ရွယ်ချက်ဖြင့် အက်စ်ကေအိတ်ချ်ကေကို စစ်အေးခေတ်ကာလအတွင်းက တည်ထောင်ခဲ့ခြင်းသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်၌ အသေခံတိုက်ခိုက်ရန် ကြံစည်သူ နိုင်ငံခြားသား ၁၁ ဦးအား စွဲချက်တင်

မက်ဒရစ် ဇွန် ၇

စပိန်နိုင်ငံ အမျိုးသား တရားရုံးက တောင်အာရှသား ၁၁ဦးအား ဘာစီလိုနာမြို့ အများပြည်သူ စီးသော ဘတ်(စ်)ကားများတွင် အသေခံတိုက်ခိုက်ရန်ကြံစည်မှုဖြင့် ကြာသပတေးနေ့က စွဲချက်တင်လိုက်သည်။

စွဲချက်တင်

အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေး အမျိုးသားတရားရုံး၏ တရားသူကြီးက အဆိုပါ၁၁ဦးအား လက်နက်ကိုင်အကြမ်းဖက်အုပ်စု ဖွဲ့စည်းခြင်းနှင့် ဖောက်ခွဲရေးလက်နက်များလက်ဝယ်ရှိခြင်းအမှုများဖြင့် စွဲချက်တင်သည်။

ဖမ်းဆီး

၎င်း ၁၁ ဦးမှာ ပါကစ္စတန်နိုင်ငံသားကိုးဦးနှင့် အိန္ဒိယမှ တစ်ဦးဖြစ်ပြီး အခြားတစ်ဦးကို နိုင်ငံ မဖော်ပြပေ။ ၎င်းတို့သည် ဇန်နဝါရီလ ၁၈ ရက်မှ ၂၀ရက်အတွင်း အသေခံ တိုက်ခိုက်ရန် စီစဉ်ခဲ့ကြသော်လည်း တိုက်ခိုက်ခြင်း မပြုရသေးမီ ဖမ်းဆီးခြင်းခံခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ ဥပဒေသစ်ထုတ်ပြန် ရေနံမှောင်ခိုမှုများအား ထိရောက်စွာ အရေးယူမည်

ဘဂ္ဂဒက် ဇွန် ၇

အီရတ်နိုင်ငံတွင် နှစ်စဉ်ဝင်ငွေဒေါ်လာ ဘီလီယံပေါင်းများစွာ ထိခိုက်စေသည့် ရေနံထုတ်လုပ်မှုယိုပေါက်များ ပိတ်ဆို့သည့်အနေဖြင့် အီရတ်အစိုးရက ကြာသပတေးနေ့က ခွင့်ပြုလိုက်သည့် ဥပဒေသစ်အရ ရေနံမှောင်ခိုလုပ်သူများအားကြီးလေးသည့်အမှုဖြင့် အရေးယူမည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ ရေနံမှောင်ခိုလုပ်မှုဆိုင်ရာဥပဒေသစ်အရ ရေနံတင်သင်္ဘောနှင့်အခြားရေယာဉ်များအပါအဝင် မှောင်ခိုသမားများ ပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းများကို သိမ်းဆည်းနိုင်ရန် အာဏာပိုင်များအား အခွင့်အာဏာပေးထားပြီး ငွေဒဏ်နှင့် ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်နိုင်မည်ဖြစ်သည်။

နှစ်စဉ်ဒေါ်လာ ဘီလီယံချီ၍ ဆုံးရှုံးနေမှုကို ဟန့်တားရန်အတွက် ရေနံမှောင်ခိုမှု တိုက်ဖျက်ရန်အတွက် ဖော်ပြပါဥပဒေ လိုအပ်သည်ဟု ပါလီမန်မှရေနံနှင့်ဓာတ်ငွေ့ကော်မတီအကြီးအကဲ ဟူစိန်ဘာလူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လက်ရှိ ဥပဒေသည် ရေနံမှောင်ခိုလုပ်မှုအတွက် ဟန့်တားရာတွင် ထိရောက်မှုမရှိဖြစ်နေပြီး ယင်းရာဇဝတ်ပြစ်မှုသည် လုံခြုံရေးဟာကွက်ရှိနေစဉ်အတွင်း ကြီးမားကျယ်ပြန့်လာခဲ့သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်စစ်ဌာနချုပ်၏ ၂၀၀၇ခုနှစ် ဇွန်လထုတ်အစီရင်ခံစာတွင် ရေနံ ဝန်ကြီးဌာန လက်အောက်ရှိ ရေနံကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် ရေနံ မှောင်ခိုလုပ်ငန်းတွင် ပူးပေါင်းကြံစည်နေကြသည်ဟု သင်္ကာမကင်းဖြစ်ရကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကူဝိတ်ရေနံချက်စက်ရုံ ပေါက်ကွဲမှု ဖြစ်ပွား

ကူဝိတ် ဇွန် ၇

အိုပက်အဖွဲ့ဝင် ကူဝိတ်နိုင်ငံ၏ မီနာအဒူလာ ဆိပ်ကမ်းတွင် ရေနံဓာတုစက်ရုံ ပေါက်ကွဲမှုဖြစ်ကြောင်း၊ ရေနံတင်ပို့ ထိခိုက်မှု ရှိ၊ မရှိကို ရှင်းလင်းစွာ မသိရှိကြောင်း ကူနာသတင်းဌာနက ပြောကြားသည်။

ကူဝိတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ရေနံချက်စက်ရုံပေါက်ကွဲမှုတွင် ရေနံတင်ပို့မှုလုပ်ငန်း ထိခိုက်မှု ရှိ၊ မရှိမသိရှိကြောင်း အဆိုပါ မီနာအဒူလာ ရေနံချက်စက်ရုံသည် နေ့စဉ် ရေနံစည်ပေါင်း ၂၇၀၀၀၀ ခန့် ထုတ်လုပ်လျက်ရှိကြောင်း ကူနာသတင်းဌာနက ဖော်ပြသည်။

ပေါက်ကွဲမှုအကြောင်းအရင်းကို ချက်ချင်း မသိရှိကြောင်း ကေအင်န်ပီစီ ရေနံသန့်စင်ရေးလုပ်ငန်း ကုမ္ပဏီ၏ တာဝန်ရှိသူများထံမှ ထင်မြင်ယူဆချက် မရရှိကြောင်း သတင်း၌ ဖော်ပြထားသည်။ ကူဝိတ်နိုင်ငံသည် ကမ္ဘာတွင် သတ္တမမြောက် ရေနံအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်သည်။ မီနာအဒူလာနှင့် မီနာအမာဒီရေနံသန့်စင်ရေး စက်ရုံနှစ်ခုကို တိုးချဲ့တည်ဆောက်ထားပြီး ယခင်က တစ်နေ့လျှင်ရေနံစည်ပေါင်း ၉၃၀၀၀၀ထုတ်လုပ်နေရာမှ စည်ပေါင်း ၁ ဒသမ ၄၁၅ သန်းအထိ တိုးမြှင့်ချက်လုပ် ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

မွေးနေ့ဆုတောင်းလွှာ

၉-၆-၂၀၀၈ ရက်တွင် ကျရောက်သော ချစ်ဇနီး **မူ (ဒေါ်မူမူစိန်)**၏ မွေးနေ့မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပြည့်စုံပျော်ရွှင်အေးချမ်းသည့် မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ချစ်ခင်ပွန်း - ကိုအောင်မြင့်
ချစ်သား - အောင်ကျော်မိုး
ချစ်သမီး - အေးမြတ်သူ

Executive Director Post For M.M.C.W.A

We are looking for a dynamic person who is passionate, innovative and can think " out-of-the box" to take MMCWA's plans into action.

Responsibility	:	**To lead and coach a team of well qualified administrators.**
Qualification	:	**MBBS**
	:	**Minimum experience of 5yrs in public health field,**
	:	**Proven and sound track record.**

Only Short listed candidates will be notified. All applications should be addressed to the following address before 30th June 2008. MMCWA, Head Quarter, Lewai, Nay Pyi Taw.

Fax: 067-30484
Tel: 067- 30484

သင့်သွေးဖြင့် အသက်ကယ်ပါ

အိမ်မိုးသွပ်ပြားများရောင်းရန်ရှိပါသည်

အမှန်တကယ်အသုံးပြုရန် လိုအပ်လျက်ရှိသောသူများအတွက် Thai နိုင်ငံမှ တင်သွင်းလာသော 6',7',8',9',10' Size အမိုးသွပ်ပြားများကို အနိမ့်ဆုံး ၁ ပေ လျှင် ၆၉၀ိ/-ကျပ်နှုန်းဖြင့် ရောင်းချပေးနေပါသည်။ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများအား ရောင်းပေးမည်မဟုတ်ပါ။

ဆက်သွယ်ရန်လိပ်စာ - ၁။ ဟိန်းကမ္ဘာကုမ္ပဏီလီမိတက်
(၈/၆၄)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၈၆၄၀၀၊ ၀၉-၅၀၀၇၄၀၂။
၂။ Home Plus Co.,Ltd
အမှတ်-၂၈၅၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၀၃၂၇၈၊ ၅၁၆၉၀၀။
၃။ ဦးစံမြ
အဆောင်(၁၅)၊ အခန်း(၅)၊ ကျောက်စိမ်း(၇)လမ်း၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့၊ ဖုန်း -၆၄၄၄၄၈။

စာသင်တိုက်ကြီး ပြန်လည်ပြုပြင်ရန် လှူဒါန်း

ရန်ကုန် ဇွန် ၈

မြောက်ဥက္ကလာပ မြို့နယ် (ည)ရပ်ကွက် ရော(၈)လမ်းနေ ကိုစိုးမိုးအောင်နှင့် ဇနီး မဇင်ဇာနွယ်တို့က နှစ်ဖက်မိဘများ အမှူးထား ပြီး (ဈ)ရပ်ကွက် ဇမ္ဗူအေးတိုက်အတွင်းရှိ သဒ္ဓမ္မဝါဓိ ဟသ်ာတပရိယတ္တိ စာသင်တိုက်ကြီး ပြန်လည်ပြုပြင်ရန်နှင့် ပျက်စီး ယိုယွင်းနေသော သုံးထပ် ကျောင်းဆောင်သစ် ပြန်လည် ဆောက်လုပ်ရန် အတွက် အလှူငွေကျပ် တစ်သိန်းကို ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပညာသီရိ ထံ ဇွန် ၃ ရက်က လှူဒါန်းရာ သာသနာ့နုဂ္ဂဟသဟာယပုညကာရီ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် ဘဏ္ဍာရေးမှူး မုံရွာဆရာမိုး တို့က အလှူငွေများကို လက်ခံရယူကြသည်။ **(အောက်ပုံ)**

အဆိုပါ စာသင်တိုက်ကြီး အတွက် လှူဒါန်းလိုသူများသည် ဖုန်း-၆၉၉၂၃၁၊ ၆၉၉၄၃၀ နှင့် ၆၉၀၅၈၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(၆၇)

လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် သုညဒသမ ၅၅ လက်မ၊ စစ်တွေမြို့တွင် ၆ ဒသမ ၆၁ လက်မ၊ မချမ်းဘောမြို့တွင် ၄ဒသမ ၀၆လက်မ၊ ပဲခူးမြို့တွင် ၂ဒသမ ၂၉လက်မ၊ ဟသ်ာတမြို့တွင် ၂ဒသမ ၂၀ လက်မ၊ တောင်ငူမြို့တွင် ၂ဒသမ၀၉လက်မ၊ မြစ်ကြီးနားမြို့နှင့် ကလေးဝမြို့တို့တွင် ၁ဒသမ၅၄ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ရောက်ရှိခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၉ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေအား အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော

မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်	၂၈. ၆ ဒီဂရီစင်တီဂရိတ်(၈၃)ဒီဂရီဖာရင်ဟိုက်	၇-၆-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၁. ၇ ဒီဂရီစင်တီဂရိတ်(၇၁)ဒီဂရီဖာရင်ဟိုက်	၈-၆-၂၀၀၈
၀၉း၃၀နာရီအချိန်စိုထိုင်းဆ	၁၀၀ ရာခိုင်နှုန်း	၈-၆-၂၀၀၈
နေပူသည့်နာရီပေါင်း	မရှိပါ	၇-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၈-၆-၂၀၀၈	၂၇ မမ (၁. ၀၇လက်မ)	၁၈ မမ (၀. ၇၁လက်မ)	၁၃ မမ (၀. ၅၁လက်မ)
၁-၁-၂၀၀၈မှ ယနေ့ထိ	၈၂၉ မမ (၃၂ဒသမ၆၄လက်မ)	၁၀၀၄ မမ (၃၉ဒသမ၅၃လက်မ)	၁၃၂၂ မမ (၅၂ဒသမ၀၁လက်မ)

ရန်ကုန်(ကမ္ဘာအေး) ၏ အများဆုံးလေတိုက်နှုန်းမှာ ၇-၆-၂၀၀၈ နေ့ ၂၀း၄၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်သည်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ် (၂၂) ဖြန့်ချိ

ရန်ကုန် ဇွန် ၈

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ် (၂၂)တွင် 'သမီးကို လွှတ်မချလိုက်ပါနဲ့ အဖေရယ်' အထူးသတင်းဆောင်းပါးနှင့်အတူ မြို့တော်စည်ပင်က ရန်ကုန်တိုင်းရှိ လယ်သမားများကို ကျပ်ငွေတစ်ဘီလီယံ ထုတ်ချေးမည်၊ လေဘေးကယ်ဆယ်ရေးစခန်းရှိ ကလေးသူငယ် လူကုန်ကူးမှုကာကွယ်ရန် ယူနီဆက်ဖ်က ဆောင်ရွက်နေ၊ နာဂစ်ကြောင့်ပျက်စီးခဲ့သည့် အိမ်များအနက် ခြောက်ရာကျော်ကို MOSA က ပြန်လည်တည်ဆောက်ပေးမည်၊ စင်ကာပူဈေးကွက်သို့ မြန်မာ့ဟင်းသီးဟင်းရွက်များတင်ပို့မည်၊ ထူးခြားမိုးလေဝသဖြစ်စဉ်များ အချိန်နှင့်တစ်ပြေးညီ ဖော်ပြမည်၊ လေဘေးသင့်ဒေသများတွင် ရောဂါကြီးသုံးမျိုးလူနာများကို မြန်မာနိုင်ငံဆရာဝန်အသင်းက ကုသမှုပေးမည်၊ မုန်တိုင်းဒဏ်ခံဒေသများတွင် အရေပြားနှင့် ဝမ်းအပြင် သံခ်ာတ်အားနည်းရောဂါပါ အဖြစ်များနေ၊ မုန်တိုင်းကြောင့် မြန်မာ့ပဲများ အိန္ဒိယတွင် ဈေးမြင့်၊ ကွမ်းခြံကုန်းမြို့နယ် ရေတိမ်ကျေးရွာသို့ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းလိုက စက်လှေများဖြင့် အခမဲ့ပို့ဆောင်ပေးမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ **ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်မှသည် မြန်မာပြည်ဆီသို့ ရိုက်ခတ်လာသော မုန်တိုင်းများ၊ ထိခိုက်ဒဏ်ရာရပြီးနောက် ခံစားရသော စိတ်ဖိစီးမှုဝေဒနာ. . .** စသည့် မျက်မှောက်ရေးရာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'လူသားများရှင်သန်ရေးကဲ့သို့ ဇီဝမျိုးစိတ်များကို ကာကွယ်ပေးရေးကလဲ အရေးပါတယ်' UNEP အကြီးအကဲဟောင်း ကလာအပ်စ်တော့ဖာနှင့် တွေ့ဆုံးမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အိုဘားမားသို့ ကက်စထရို၏အိတ်ဖွင့်ပေးစာ၊ အာဖရိကဘေးမဲ့တောအတွင်းသို့ ဆင်ကြီးများပြောင်းရွှေ့မှု၌ ကမ္ဘာလှည့်ခရီးသည်များ ကူညီခွင့်ရ၊ ဒူဘိုင်းတွင်ဒုက္ခရောက်နေသည့် တောင်အာရှလုပ်သားများ၊ အငတ်ဘေးကြုံနေရသည့် မြောက်ကိုရီးယားပြည်သူများအား ကူညီမည့်လှုပ်ရှားဆောင်ရွက်မှုတွင် တောင်ကိုရီးယားထိပ်တန်းသရုပ်ဆောင်များပါဝင်၊ CHATTING ထဲက ဗန်းစကားများ ကဏ္ဍသစ်၊ ချမ်းသာကြွယ်ဝသည့် လူနေမှုပုံစံသည် ခေတ်သစ်လူသတ်သမားကြီးဖြစ်လာ၊ မွေးဖွားပြီးကတည်းက ကွဲကွာခဲ့ရသည့် အမြွှာညီအစ်မများမှ နစ်နာမှုများအတွက် တရားစွဲ၊ မက္ကဆီကို အပန်းဖြေဒေသ၌ ငါးမန်းကိုက်ခံရမှုများဖြစ်ပေါ်နေ၊ ကိုရီးယားများ အလုပ်ချိန်အများဆုံးဖြစ်၊ ထိုင်းနိုင်ငံ၌ ဒီဇယ်၊ ရေနံဈေးနှုန်းများ ထပ်မံမြင့်တက်၊ အိုပက်မှ အင်ဒိုနီးရှား နုတ်ထွက်တော့မည် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

နယ်သာလန်နိုင်ငံမှအဖွဲ့ လပွတ္တာမြို့နယ်၌ လက်တွန်းထွန်စက်များနှင့်ရွက်ဖျင်တဲများလှူဒါန်း နိုင်ငံတကာမီဒီယာများထုတ်လွှင့်သည့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့်သတင်းများမှန်ကန်မှုမရှိ၊ နိုင်ငံတော်အစိုးရအနေဖြင့် အစစအရာရာကူညီပံ့ပိုးပေးကြောင်း အဖွဲ့ခေါင်းဆောင်ပြောကြား

ရန်ကုန် ဇွန် ၈

နယ်သာလန်နိုင်ငံ Consortium of Dutch NGO's မှ ကိုယ်စားလှယ် **Mr. Simon Lang Broek** ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လပွတ္တာမြို့နယ်ဆိပ်ကမ်းသို့ရောက်ရှိပြီး လပွတ္တာမြို့နယ် စလူဆိပ်နှင့်လွှစာကျေးရွာများရှိ တောင်သူလယ်သမားများထံ လက်တွန်းထွန်စက်အလုံး၅၀နှင့် ရွက်ဖျင်တဲ၁၆၄လုံးတို့ကို တောင်သူလယ်သမားများလက်ဝယ်အရောက် လှူဒါန်းရန် လပွတ္တာမြို့နယ်ဆိပ်ကမ်းမှ မွန်းလွဲပိုင်းတွင် အောင်တံခွန်ဝေရေယာဉ်ဖြင့် ထွက်ခွာသွားကြောင်းသိရှိရသည်။

ယင်းအဖွဲ့ ကျေးရွာများသို့မထွက်ခွာမီ မိမိတို့သတင်းအဖွဲ့နှင့် တွေ့ဆုံရာတွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Mr. Simon Lang Broek က **"မိမိတို့အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိလာရာ နိုင်ငံတကာ မီဒီယာများက ထုတ်လွှင့်နေသည့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းများ မှန်ကန်မှုမရှိသည်ကို လက်တွေ့သိရှိရပြီဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ဆက်သွယ်ပြီး မိမိတို့အဖွဲ့ တိုက်ရိုက်လှူဒါန်းမည့်အစီအစဉ်ကိုတင်ပြခဲ့ရာ ခွင့်ပြုခဲ့သည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း မိမိတို့အား အစစအရာရာ ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ယခုလှူဒါန်းမည့်ပစ္စည်းများကို တောင်သူလယ်သမားများ လက်ဝယ်ရောက်အောင် သွားရောက်ပေးအပ်ပြီး စနစ်တကျအသုံးပြုနိုင်အောင်လည်း လက်တွေ့သရုပ်ပြသပေးသွားမည်ဖြစ်ကြောင်း"**ဖြင့် ပြောကြားသွားသည်။ (သတင်းစဉ်)

"တောင်သူများအား စိုက်ပျိုးရန် မျိုးစပါး၊ ပေါက်တူး၊ ပေါက်ပြား၊ ဓား စသည့် ပစ္စည်းများကိုလည်း ဖြန့်ဝေပေးနေ။ လက်တွန်း ထွန်စက်များဖြင့် လယ်မြေများ စတင်ထွန်ယက်နေ"

မြင့်မောင်စိုး (မြန်မာ့အလင်း)၏ (သတင်းဆောင်းပါး) စာမျက်နှာ-၁၁



မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာ၌ လယ်ယာမြေများ ထွန်ယက်ရန် စက်မှုလယ်ယာဦးစီးဌာနမှ ပေးပို့ထားသော လက်တွန်းထွန်စက်များကို ဤသို့တွေ့ရသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ အော်တိုတယ်လီဖုန်းများ မကြာမီ အပြည့်အဝ တပ်ဆင်ပြီးစီးမည်

ရန်ကုန် ဇွန် ၈

မော်လမြိုင်ကျွန်းမြို့နယ်၌ ဆက်သွယ်ရေးတယ်လီဖုန်းလိုင်းများ ပြန်လည်တပ်ဆင်မှုမှာ ရာခိုင်နှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မော်လမြိုင်ကျွန်းမြို့နယ် မိုက္ကရိုဝေ့ဗ်စခန်းတာဝန်ခံ ဦးထွန်းထွန်းဦးက ယနေ့ပြောကြားသည်။

ယခုအချိန်တွင် မော်လမြိုင်ကျွန်းမြို့နယ်၌ အော်တိုကြိုးတယ်လီဖုန်း အလုံးပေါင်း၃၅၀ ပြန်လည်တပ်ဆင်ပေးနိုင်ခဲ့ပြီး ဇွန် ၁၃ ရက်၌ တစ်မြို့လုံးရှိ ဆက်သွယ်ရေးအော်တိုတယ်လီဖုန်းများ ပုံမှန်အတိုင်း ရာခိုင်နှုန်းပြည့် ပြန်လည်တပ်ဆင်ပေးနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး